FDB
Forum for Democracy in Burma
# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
eBulletin

၁၀ စက်တင်ဘာလ ၂၀၀၆ | သတင်းလွှာ | အမှတ် ၂၂/၂၀၀၆



"အဲန်အယ်လ်ဒီခေါင်းဆောင်မှုအနေဖြင့် နအဖ၏ နိုင်ငံရေးထိုးစစ်ကို တုန့်ပြန်၍ နိုင်ငံရေး လက်ဦးမှုယူထားသင့်ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြားဝင်မှုကို ထိုင်ပြီးစောင့်နေလျှင် လက်ဦးမှုဆုံးရှုံးပါလိမ့်မည်။

– အဲန်အယ်လ်ဒီက ဘာကြောင့် 'ညောင်နှစ်ပင်' ကို မတက်သလဲဆိုတာကို လူထုကို အကျယ်တဝင့် တင်ပြသင့်ပါသည်။

– 'ညောင်နှစ်ပင်' ပြီးလျှင် နအဖက ဆက်ပြီးလုပ်လာမည့် အစီအစဉ်များနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီ၏ ယေဘုယျသဘောထားများကို လူထုသို့ တင်ပြထားသင့်ပါသည်။ 'ညောင်နှစ်ပင်' ပြီးမှာမဟုတ်သေးပါဘူးဟု ပြောပြီး မတက်မကြွ အစီအစဉ်မရှိ လုပ်နေမိလျှင် နိုင်ငံရေးအရ မှားပါလိမ့်မည်။"

<u>ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက် (၇/၂၀၀၆) မှ --</u>

ဘာဒီမိုကရေစီမှ မရှိတဲ့
ဖက်ဆစ်စစ်အာဏာရှင်ရဲ့အောက်မှာ
ရပ်တည်ချက်၊အတွေးအခေါ်တွေဟာ ဝေဝါးနေမယ်၊
ရှုပ်ထွေးနေမယ်၊ ဆန့်ကျင်နေမယ်ဆိုရင်
လူထုနဲ့ တိုင်းပြည်ကတော့ အချိန်နဲ့အမျှ . . .

"အမှာစကား"
( စာမျက်နှာ ၂ )

ဒီနေ့ဒီအချိန်မှာ
ကျမတို့ပြောနေတဲ့ နိုင်ငံရေးမှာ
ပါဝင်မှုဆိုတာကတော့
မြန်မာပြည်မှာ စစ်အာဏာရှင်စနစ်ဖြုတ်ချပြီး ...

"နိုင်ငံရေးစွမ်းရည်မြှင့်တင်ရေး လေးလတာသင်တန်းပြီးဆုံး"
( စာမျက်နှာ ၄)

ကျမတို့တွေ တခြားနိုင်ငံတကာအရေးတွေ
ပေါ်လာရင်
မြန်မာပြည်အရေးကို မေ့မေ့ထားကြလို့ပါဘဲ။

"အင်ဒိုနီးရှား ခရီးစဉ်"
( စာမျက်နှာ ၅ )

အရင်ထိန်းသိမ်းတာထက် ပိုပြီးတော့ ၁၀ ဆ၊ အဆ၁၀၀
ကျနော်တို့ စာပေတွေကို၊ ကျနော်တို့ သီချင်းတွေကို
ကျနော်တို့ ကခုန်တတ်တဲ့ အခဉ်အလာတွေကို ..

"တအောင်းစာပေယဉ်ကျေးမှုနေ့ကျင်းပ"
( စာမျက်နှာ ၆ )

ဗမာစစ်ဗိုလ်ဟာ ဒီမိုကရေစီ သဘောတရားကို နားမလည်နိုင်ပါဘူး။
မကြာခဏ အာဏာသိမ်းတဲ့ အစဉ်အလာကြောင့် ထိုင်းစစ်ဗိုလ်တွေဟာ
ကိုယ်ကျိုးစီးပွားကိုသာ အာရုံစိုက်ကြပါတယ်။

"ဦးအောင်ခင်၏ သုံးသပ်တင်ပြချက်"
( စာမျက်နှာ ၈ )

ပစ္စုပ္ပန်နဲ့ အနာဂတ် အကျိုးစီးပွားကို
တကယ်တမ်းဖော်ဆောင်ပေးနိုင်သည့် လမ်းစဉ်သစ်ကို
အင်အားစုအားလုံး အတူတကွ ချမှတ်ကြရန် ...

"ဒီအတိုင်းဆိုရင် နောက်ထပ် ပညာအပေး
ခံရလိမ့်ဦးမည်"
( စာမျက်နှာ ၁၀)

# အမှာစကား

## ဓါးမ နောက်ပိတ်ခွေး မဖြစ်လို

နအဖ စစ်အုပ်စုဟာ အဲန်အယ်လ်ဒီကို ဖိနှိပ်ခြိမ်းခြောက်မှုတွေ တဖက်သတ်စွတ်စွဲတိုက်ခိုက်မှုတွေကို ပိုပိုပြီးတိုးလုပ်လာနေတယ်။ (၂၇–၉–၂၀၀၆) ရက်နေ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေကို ဖမ်းဆီးထိန်းသိမ်းလိုက်တယ်၊ ဒါတွေဟာ ပြည်တွင်းကိုရော နိုင်ငံတကာကိုပါ စိန်ခေါ်လိုက်တာပဲဖြစ်ပါတယ်။ မဂ်လာဒုံအမတ် ကိုကြည်ဝင်းနဲ့ အေးလွင်တို့လို လူမျိုးတွေရဲ့ပါးစပ်နဲ့ သူ့အသံတွေကို ပြောခိုင်းနေတာ၊ ကြံ့ဖွံ့ကို လုပ်ပိုင်ခွင့်တွေပိုပေးပြီး သူ့အနာဂတ်အိမ်မက်အတွက် လူထုကြားထဲကို အတင်းဆင်းခိုင်း၊ အဲန်အယ်လ်ဒီနဲ့ ဒီမိုကရေစီအင်အားစုတွေကို ပုဆိန်ရိုးဇာတ်ခင်းပြီး တဖက်သတ်ဝါဒဖြန့်တဲ့ အချက်တွေကလည်း အမေရိကန်နဲ့ နိုင်ငံတကာကို လုံးဝဂရုမစိုက်ဘူးဆိုတဲ့ ဖော်ပြချက်တွေပဲဖြစ်ပါတယ်၊ ဒီမိုကရေစီနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာကို မြန်မာ့နည်းမြန်မာ့ဟန်နဲ့ စစ်အုပ်စုအာဏာတည်မြဲရေးအတွက် ဖုတ်လိုက်ဖုတ်လိုက် ညောင်နှစ်ပင်ညီလာခံမှာ ဒီနှစ်ထဲ အပြတ်ဖြတ်နိုင်ဖို့ ကျိုးစားနေပါတယ်။ တဖက်ကလည်း ပြည်တွင်းမှာ မီးသေနေဖို့အတွက် သူ့ရဲ့တပ်အတွင်းမှာ နောက်တက်တွေကို နေရာပေးပြီး၊ အုပ်ချုပ်ရေးပိုင်းအတွက် ပြည်နယ်တိုင်းအဆင့်ကနေ ရပ်ကွက်အဆင့်အထိ အုပ်ချုပ်ရေးဖွဲ့စည်းပုံပြောင်းတဲ့ အမိန့်ကြေညာချက်ကို ထုတ်ပြန်ပြီး နောက်အနာဂတ်ရွေးကောက်ပွဲကိုတောင် လှမ်းမျှော်တဲ့ အစီအမံတွေလုပ်လို့နေပါတယ်။ နိုင်ငံတကာဆက်ဆံရေးမှာလည်း အိမ်နီးနားချင်းတွေကို ရှိသမျှ သယံဇာတလေး သူခိုးဈေးနဲ့ ထုတ်ရောင်းပြီး အငြိုအငြင်မခံရအောင် လုပ်ရ၊ ဟိုးအဝေးကဘက်မလိုက်ဆိုတာကြီးကိုလည်း လှမ်းမျှော်ရနဲ့ အတော်ကိုပဲ တိုင်းပြည်တစ်ခုရဲ့ ဂုဏ်သိက္ခာဆိုတာ မရှိသလောက်ပါပဲ။ အပစ်ရပ်အဖွဲ့တွေကို ဖိအားပေးပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံရေးဆွေးနွေးတာကို ဝိုင်းပြီးကန့်ကွက်ခိုင်းနေပါတယ်။ မွန်ပြည်သစ်ပါတီလို နိုင်ငံရေးအရ ခိုင်မာတဲ့အင်အားစုတွေကတော့ နအဖအလိုကျ ညောင်နှစ်ပင်ကိုဖြစ်ဖြစ်၊ လက်နက်အပြီးစွန့်ခိုင်းတာပဲဖြစ်ဖြစ် ဒီမိုကရေစီအင်အားစုအချင်းချင်း ဆန့်ကျင်တိုက်ခိုက်တာတွေကိုပဲဖြစ်ဖြစ်၊ ကိုယ့်အတွင်းထဲအထိဝင်ပြီး သွေးခွဲသပ်လျှိုတာကိုပဲဖြစ်ဖြစ် တောင့်ခံနိုင်တာဖြစ်ပါတယ်။ ဒါတွေအားလုံးကို ပြန်ချုပ်ကြည့်လိုက်ရင် –––

နအဖစစ်အုပ်စုဟာ သူ့ရဲ့ အာဏာဆက်လက်တည်မြဲရေးအတွက် ညောင်နှစ်ပင်ညီလာခံကို ဇွတ်ကျင်းပပြီး တမတ်သားစစ်အုပ်ချုပ်ရေးဖွဲ့စည်းပုံကြီးကို အပြီးရေးမှာဖြစ်ပါတယ်။ ပြည်တွင်းရှိ ပြည်သူလူထုတွေရဲ့ ဆန္ဒနဲ့ နိုင်ငံတကာက ပြောနေတဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွေကို လုံးဝ အသိအမှတ်မပြုသည့်အပြင် ဖိနှိပ်မှု၊ ချုပ်ချယ်ကန့်သတ်မှုတွေကို ပိုပြီးတိုးလုပ်လာနေတယ်။ လူထုရဲ့ ထောက်ခံမှု၊ ရွေးကောက်တင်မြှောက်မှုကို ရပြီးဖြစ်ခဲ့တဲ့ အဲန်အယ်လ်ဒီပါတီကို မတွေ့ဆုံနိုင်ဘူးဆိုတာအပြင် ဖျတ်သိမ်းဖို့အထိပါ ခြိမ်းခြောက်နေတာကို အဲန်အယ်လ်ဒီက လူထုကို ဒီအခြေအနေတွေနဲ့ပတ်သက်ပြီး ဘယ်လိုရှင်းလင်းတင်ပြ စည်းရုံးမလဲ၊ တောင်းနေရုံနဲ့မရရင် ဘယ်လိုနည်းနာတွေနဲ့ တိုက်ပွဲဝင်မှာလဲ၊ ဘယ်သူတွေနဲ့ မဟာမိတ်ပြုမှာလဲဆိုတာဟာ ဒီနေ့ကာလမှာ အဲန်အယ်လ်ဒီသာမဟုတ်ဘူး၊ ဒီမိုကရေစီအင်အားစုအားလုံးရဲ့ စဉ်းစားဆုံးဖြတ်ရမဲ့ တာဝန်ဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်းရှိဖို့လိုပါတယ်။ ဘာဒီမိုကရေစီမှ မရှိတဲ့ ဖက်ဆစ်စစ်အာဏာရှင်ရဲ့အောက်မှာ ရပ်တည်ချက်၊ အတွေးအခေါ်တွေဟာ ဝေဝါးနေမယ်၊ ရှုပ်ထွေးနေမယ်၊ ဆန့်ကျင်နေမယ်ဆိုရင် လူထုနဲ့ တိုင်းပြည်ကတော့ အချိန်နဲ့အမျှ စိုးရိမ်ရေမှတ်ရဲ့ အဆိုးဆုံးအနေအထားအထိ ရောက်ရောက်သွားမှာ ဖြစ်ပါတယ်။ တမျိုးသားလုံးကို အင်အားစုအသီးသီးကို ကိုယ်စားပြုတဲ့ ဘုံလုပ်ငန်းစဉ်တစ်ခုကို အမြန်ဆုံးချမှတ် အကောင်အထည်ဖော်ဖို့ဟာ ဒီမိုကရေစီအင်အားစုတိုင်းရဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ ဘယ်နိုင်ငံရဲ့ နိုင်ငံရေးသမိုင်းမှာမဆို တော်လှန်ရေးတွေ၊ အပြောင်းအလဲတွေဟာ လူထုမပါရင် လူထုနဲ့အတူ မချီတက်နိုင်ရင် အဲဒီတော်လှန်ရေးသို့မဟုတ် အပြောင်းအလဲဟာ အုပ်စိုးသူ၊ အာဏာရှိသူတွေရဲ့ အလိုကျဖြစ်တတ်ပြီး တိုင်းပြည်နဲ့ ပြည်သူလူထုတွေကတော့ ဒီမိုကရေစီမပြောနဲ့ နေ့စဉ်နေထိုင်ရှင်သန်မှုဘဝတွေဟာ ဓါးမ နောက်ပိတ်ခွေးအဆင့်ကနေ တက်လာမှာမဟုတ်ပါဘူး။ အိမ်နီးချင်းနဲ့ နိုင်ငံတကာရဲ့ကြားမှာ အမျိုးသားဂုဏ်သိက္ခာကင်းမဲ့ပြီး မျက်နှာမပြရဲလောက်အောင်ကိုပဲ နိမ့်ကျနေမြဲဖြစ်နေမှာ ဖြစ်ပါတယ်။

ဒါကြောင့် လူမျိုးပေါင်းစုံပြည်သူလူထုကြီးတစ်ရပ်လုံး ဒီမိုကရေစီအင်အားစုအားလုံးဟာ ကိုယ့်တစ်ဦးချင်းဘဝ လွတ်မြောက်ရေး၊ ကိုယ့်အမျိုးသားလွတ်မြောက်ရေး၊ ကိုယ့်တိုင်းပြည် လွတ်မြောက်ရေးအတွက် စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်တိုက်ပွဲဝင်နိုင်မှ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေးတို့အတွက် အစွမ်းကုန်ကြိုးစားဖေါ်ထုတ်ကြမှ အနာဂတ်ဟာ ကိုယ့်လက်ထဲကို ရောက်လာမှာဖြစ်ပါတယ်။

■ ■ ■ ■

**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်(၄)ရပ်–**

(၁) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်၊

(၂) ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်း ဆက်စပ်လုပ်ဆောင်မှုများဆောင်ရွက်သွားရန်၊

(၃) လူထုတိုက်ပွဲများ ပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်၊

(၄) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီစုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်၊

# အက်ဖ်ဒီဘီ အဖွဲ့ဝင်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုသတင်းများ

## ဒီမိုကရေစီနည်းကျ ခေါင်းဆောင်မှုသင်တန်း (အလုပ်ရုံဆွေးနွေးပွဲ)တခု (၅)ရက်ကြာပြုလုပ်ခဲ့

ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်း ခေါင်းဆောင်မှုဆိုင်ရာ (Democratic Leadership workshop) အလုပ်ရုံဆွေးနွေးပွဲတခုအား မြန်မာနိုင်ငံဒီမိုကရေစီတစ်အင်အားစု (FDB) ရုံးတွင် ယခုလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ (၅)ရက်ကြာ ကျင်းပခဲ့ရာ အဖွဲ့ဝင်အဖွဲ့အစည်းများမှ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။



အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံဒီမိုကရေစီတစ်အင်အားစု အဖွဲ့ဝင်အဖွဲ့အစည်း (၇)ဖွဲ့မှ အဖွဲ့ဝင်အင်အား (၁၅)ဦး တက်ရောက်ခဲ့ပြီး အမျိုးသမီးသင်တန်းသူ (၅)ဦး တက်ရောက်ဆွေးနွေးခဲ့သည်။ အဆိုပါသင်တန်းတွင် သင်တန်းဆရာများအဖြစ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (NDD) မှ ဦးမောင်မောင်ကြီးနှင့် ဦးစိုးမြင့်သူတို့က ဆောင်ရွက်ခဲ့ကြသည်။

(၅)ရက်ကြာပြုလုပ်သည့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်း ခေါင်းဆောင်များနှင့် ပါဝင်သူအဖွဲ့ဝင်များအတွင်း အပြန်အလှန်နားလည်မှုများဖြင့် ဦးတည်ရည်မှန်းချက်များအောင်မြင်ရန် အားလုံးပါဝင်ဖော်ဆောင် အလုပ်လုပ်ကိုင်နိုင်ရေး နည်းလမ်းများကို သင်တန်းသားများအကြား တရင်းတနှီး အမြင်များ ဖလှယ်ခဲ့ကြသည်။

စက်တင်ဘာလ (၁၅)ရက်နေ့တွင် သင်တန်းပိတ်ပွဲတရပ်ကို ကျင်းပခဲ့ရာ (FDB)မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးငွေလင်းမှ သင်တန်းသားများအား ကျေးဇူးတင်စကားပြောကြားခဲ့ပြီး သင်တန်းသားများထဲမှ ကျေးဇူးတင်စကား ပြန်လည်ပြောဆိုရာတွင် (ABSDF) မှ စောမောင်ဦးနှင့် (BWU) မှ မမူးနော်တို့က ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို အလှည့်ကျစနစ်ဖြင့် သင်တန်းသားများ အချင်းချင်းပေးအပ်ခဲ့ပြီး သင်တန်း ဆင်းပွဲအခမ်းအနားကို ည (၈)နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ ■

✡✡✡✡✡

## ၂၀၀၆ ခုနှစ်၊ မေလ (၁၄)ရက်၊ နအဖ၏သတင်းစာရှင်းလင်းပွဲအပေါ် မိမိတို့အမြင်နှင့် သုံးသပ်ချက် စကားဝိုင်း

ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (NDD) ၏ လူထုစွမ်းရည်မြှင့်တင်ရေးအစီအစဉ်မှ ကြီးမှူးကျင်းပပြုလုပ်သော အပတ်စဉ်စကားဝိုင်းဆွေးနွေးပွဲကို မယ်လအုံးဒုက္ခသည်စခန်းတွင် (၀၉၊ ၀၉၊ ၀၆) နေ့နှင့် (၁၆၊ ၀၉၊ ၀၆)နေ့တို့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ သည်။



ထိုစကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် ခေါင်းစဉ်မှာ **"၂၀၀၆ ခုနှစ်၊ မေလ (၁၄) ရက်၊ နအဖသတင်းစာရှင်းလင်းပွဲအပေါ် မိမိတို့အမြင်နှင့် သုံးသပ်ချက်"** ဖြစ်သည်။ ၎င်းခေါင်းစဉ်နှင့် စကားဝိုင်းကို ပထမပိုင်းနှင့် ဒုတိယပိုင်းဟူ၍ အပိုင်း (၂) ပိုင်းခွဲပြီး ပြုလုပ်ခဲ့သည်။

ထိုစကားဝိုင်းကို (NDD) နည်းပြဆရာများနှင့် ကရင်လူငယ်ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲရေးသင်တန်းကျောင်း (KYLMC) မှ ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသူကျောင်းသားပေါင်း (၄၀)ဦး ပါဝင်ကူညီအားဖြည့်ဆွေးနွေးခဲ့ကြပါသည်။ ■

✡✡✡✡✡

# BWU မှ ကြီးမှူးပြုလုပ်သည့် အမျိုးသမီးငယ်များ နိုင်ငံရေးစွမ်းရည်မြှင့်တင်ရေး လေးလတာသင်တန်းပြီးဆုံး

အမျိုးသမီးငယ်များ၏ နိုင်ငံရေးစွမ်းရည်မြှင့်တင်ရေးအစီအစဉ် စတင်သည့်အနေဖြင့် မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ (၄) လတာ ကျင်းပပြုလုပ်ခဲ့သော နိုင်ငံရေးသင်တန်းကို (၆ – ၈ –၂၀၀၆)နေ့တွင် အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။

အမျိုးသမီးများအနေဖြင့် အမျိုးသမီးအရေးတခုတည်းကိုသာ အဓိကအာရုံစိုက်နေခြင်းမဟုတ်ဘဲ မိမိတို့၏ နိုင်ငံရေးအခြေအနေတခုလုံး အပေါ် စိတ်ဝင်စားမှုအပြည့်ဖြင့် ထဲထဲဝင်ဝင် ပါဝင်လှုပ်ရှားလာနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းကို မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အခြေစိုက် ဒေသများဖြစ်သည့် ကရင်နှင့် ကရင်နီဒုက္ခသည်စခန်းများနှင့် ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးငယ်များထဲမှ အဖွဲ့ဝင် (၁၄)ဦးဖြင့် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းတက်ရောက်ခဲ့သူ (ကရင်နီဒုက္ခသည်စခန်း)မှ အဖွဲ့ဝင်တဦးဖြစ်သူ နော်အယ်ဝါးက "ကျမ ဒီနိုင်ငံရေး စွမ်းရည်မြှင့်တင်ရေး သင်တန်းမတက်ခင်တုန်းက အမျိုးသမီးရေးလုပ်တာ အမျိုးသမီးရေးတခုတည်း လုပ်နေတာမဟုတ်ဘူး၊ နိုင်ငံရေးနဲ့ဆက်စပ်နေတယ်ဆိုတာသိပေမယ့် နိုင်ငံရေးဆိုတာ ဘာလဲလို့ ကျမသေချာမသိခဲ့ဘူး။ ဒါပေမဲ့ ဒီသင်တန်းပြီးသွားတော့ တချိန်တုန်းက ကျမတို့ရဲ့ မြန်မာနိုင်ငံသမိုင်းကို လေ့လာခဲ့ရခြင်းအားဖြင့် ကျမအတွက် အရမ်းကို တန်ဖိုးရှိတယ်။ ကျမတို့ရဲ့ နိုင်ငံရေးသမိုင်းကိုလည်း သိခဲ့ရတယ်၊ လက်ရှိမြန်မာနိုင်ငံနဲ့ ပြည်ပနိုင်ငံတွေရဲ့ ဆက်သွယ်ရေး အခြေအနေကိုလည်း သိခဲ့ရတယ်"ဟု ဆိုသည်။



သင်တန်းကာလအတွင်း မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းနှင့် လက်ရှိနိုင်ငံရေး အခြေအနေများကို အဓိကထားလေ့လာခဲ့ကြပြီး မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂ၊ အမေရိကန်၊ ဥရောပသမဂ္ဂ၊ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံရေးနောက်ခံနှင့် မြန်မာပြည်ဒီမိုကရေစီရရှိရေးအပေါ် သဘောထားများ၊ လုံခြုံရေးကောင်စီ၏ အခန်းကဏ္ဍ၊ မီဒီယာ၏ အရေးပါမှုများနှင့် နိုင်ငံတကာစီးပွားရေး၊ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် နိုင်ငံတကာအမျိုးသမီးရေး လှုပ်ရှားမှုများ၊ လိင်နှင့် လိင်ကွဲပြားမှုအပေါ် အမြင်သဘောထားများ၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာတို့ကို ပို့ချခဲ့သည်။

ထို့အပြင် အင်္ဂလိပ်စာဘာသာရပ်နှင့် ကွန်ပြူတာဖြင့် သတင်းအချက်အလက်များ ရှာဖွေရယူခြင်း စသည့်အကြောင်းအရာများကို သက်ဆိုင်ရာကျွမ်းကျင်မှုအလိုက် ဆရာ၊ ဆရာမများမှ ပို့ချခဲ့ခြင်းဖြစ်သည်။

"ကျမ ထိုင်း–မြန်မာနယ်စပ်မှာ ကြီးပြင်းလာခဲ့တာပါ။ ကိုယ့်မြန်မာပြည်အကြောင်းလဲ ဘာမှသေချာမသိ၊ ကိုယ်ရဲ့ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်ခဲ့သလဲဆိုတာလည်း ကျမ တိတိကျကျမသိဘူး။ ကျမ ဒီ PEP(Political empowerment program) တက်ပြီးတဲ့အချိန်မှာ ကိုယ့်ပတ်ဝန်းကျင်၊ ကရင်လူမျိုးတွေ အခြေအနေကို အသေးစိတ်သိလာသလို မြန်မာနိုင်ငံအကြောင်းကို သေချာသိလာတယ်။ ကိုယ်နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေအကြောင်းကိုလည်း သိလာတယ်။ အခြား ကမ္ဘာ့နိုင်ငံတွေအကြောင်းကို သိရှိလာတယ်။ ပိုပြီးသိချင်၊ လေ့လာချင်၊ ကိုယ်တိုင်ပါဝင် ရုန်းကန်အားထုတ်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာအောင် နှိုးဆွပေးလိုက်သလိုပါဘဲ။ ကျမဘဝတခုလုံးအတွက် ကောင်းကောင်းအသုံးဝင်တဲ့ (၄)လတာ အချိန်ကို ပြီးဆုံးခဲ့တာဖြစ်တယ်"ဟု မယ်လအူးစခန်းမှ အဖွဲ့ဝင် မထွေးရီက ဆိုသည်။

သင်တန်းစီစဉ်သူတဦးဖြစ်သည့် (BWU) ၏ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မိဆုးပွင့်က "အမျိုးသမီးများရဲ့ နိုင်ငံရေးပါဝင်မှုကို ပြောတဲ့နေရာမှာ အမျိုးသမီးငယ်တွေကို နိုင်ငံရေးဗဟုသုတတွေ ရှိလာအောင် လုပ်ပေးဖို့လိုသလို ကိုယ်တိုင်ပါဝင်ရုန်းကန်အားထုတ်ဖို့ လိုတယ်ဆိုတဲ့ အသိတရားမျိုးရှိလာအောင် နိုင်ငံရေးအဖွဲ့အစည်းတွေအနေနဲ့ အစီအစဉ်ရှိရှိ ဆောင်ရွက်ဖို့လိုပါတယ်။ ဒီနေ့ဒီအချိန်မှာ ကျမတို့ပြောနေတဲ့ နိုင်ငံရေးမှာ ပါဝင်မှုဆိုတာကတော့ မြန်မာပြည်မှာ စစ်အာဏာရှင်စနစ်ဖြုတ်ချပြီး ဒီမိုကရေစီထူထောင်ဖို့၊ တန်းတူရေးအတွက် ဖက်ဒရယ်စနစ်တည်ဆောက်ဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လူတိုင်းတက်တက်ကြွကြွ ပြင်ဆင်နေကြဖို့ဆိုတဲ့ အခြေခံတွေပါဘဲ။ တခုဘဲပိုတာက 'အမျိုးသမီးတွေ နိုင်ငံရေးမှာ နှိုးကြားတက်ကြွစွာပါဝင်ဖို့ တာဝန်ရှိတယ်ဆိုတာကို ယုံကြည်လာအောင် စိတ်ဓာတ်ရေးရာအရ၊ အတွေးအခေါ်အရ လေ့ကျင့်ပေးရတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။ ■

✡✡✡✡✡

# အင်ဒိုနီးရှားခရီးစဉ်

စက်တင်ဘာ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ (NCUB) မှ ကိုယ်စားလှယ် ၄ ဦး (FDB/ FAC) ကိုယ်စားလှယ် ၂ ဦး နှင့် (Altsean-Burma)မှ ကိုယ်စားလှယ် ၁ ဦး စုစုပေါင်း ကိုယ်စားလှယ် ၇ ဦးတို့သွားရောက်၍ မြန်မာနိုင်ငံအရေးအား ကုလသမဂ္ဂ လုံခြုံရေး ကောင်စီတွင် ထည့်သွင်းဆွေးနွေးနိုင်ရန် အာဆီယံနိုင်ငံများမှ တွန်းအား ပေးရန် သွားရောက်တိုက်တွန်းခဲ့သည်။ ထို့အပြင် Asia-Pacific Peoples' Partenership on Burma (APPB) မှလည်း အင်ဒိုနီးရှားရှိ မြန်မာပြည်အရေးအား ကူညီထောက်ခံနေသူများ အတူတကွ ပူးပေါင်း ဆောင်ရွက်ခြင်းများပြုလုပ်၍ မြန်မာပြည်ပြောင်းလဲရေးအား တွန်းအား ပေးလုပ်ဆောင်ရန်အတွက် သွားရောက်၍ လှုံ့ဆော်စည်း ရုံးခဲ့ကြသည်။

(၂ ရက်နေ့မှ ၄ ရက်နေ့) ကြာ ခရီးစဉ်တွင် အင်ဒိုနီးရှားရှိ မြန်မာပြည်အရေးအား ပံ့ပိုးနေသော အဖွဲ့အစည်းများ၏ စီစဉ်ပေးမှုကြောင့် အင်ဒိုနီရှား၏ သတင်းဌာနများ၊ တက္ကသိုလ်ကျောင်းများနှင့် လူထုအခြေခံ လူ့အဖွဲ့အစည်းများတွင် သွားရောက်တွေ့ဆုံ၍ မြန်မာပြည်၏ လက်ရှိဖြစ်ပျက်နေသော နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် နိုင်ငံရေးအကျဉ်းသားများ၏အခြေအနေများကို အမတ်တဦးဖြစ်သည့် ဒေါက်တာစန်းအောင်မှ တင်ပြဆွေးနွေးပေးခဲ့ပါသည်။ ထို့ပြင် Asia-Pacific Peoples' Partenership on Burma (APPB)(FDB/ FAC) ကိုယ်စားလှယ်ဖြစ်သူ မခင်ဥမ္မာမှလည်း အင်ဒိုနီးရှားရှိ မြန်မာပြည်အရေးအား ကူညီထောက်ခံနေသူများ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်၍ မြန်မာပြည်ပြောင်းလဲရေးအား တွန်းအားပေးလုပ်ဆောင်နိုင်မည့် နည်းလမ်းများ ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် မေးခွန်းအဖြေများကိုလည်း သွားရောက်သည့် ကိုယ်စားလှယ်များ ဝင်ရောက်ဖြည့်စွက် ဖြေဆိုခြင်းများ ပြုလုပ်ခဲ့ကြသည်။

စက်တင်ဘာလ (၅) ရက်နေ့ နံနက်ပိုင်းတွင် Center for Strategic International Studies (CSIS) မြန်မာပြည်အရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲတခုကို ကျင်းပပြုလုပ်ခဲ့ရာ မြန်မာပြည်အရေးအား ပံ့ပိုးနေသော၊ နိုင်ငံရေးတွင် လှုပ်ရှားနေသူများ၊ လူထုအခြေခံ လူ့အဖွဲ့အစည်းများနှင့် အရှေ့တောင်အာရှမှ လွှတ်တော်အမတ်များ တက်ရောက်ခဲ့ကြသည်။

ထိုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ အမတ်ဖြစ်သူ ဒေါက်တာစန်းအောင်မှ စစ်အာဏာရှင်အား ဖိအားပေးရန်၊ အာဆီယံနိုင်ငံများအနေဖြင့် နိုင်ငံရေးအရ မစွက်ဖက်ရေးမူဝါဒများကို ဆုတ်ကိုင်ထား၍ ရှောင်မနေသင့်ကြောင်း၊ စစ်အာဏာရှင်၏ လုပ်ဆောင်မှုများသည် အိမ်နီးချင်းနိုင်ငံများအပေါ်မှာပါ သက်ရောက်မှုဖြစ်နေကြောင်း၊ ဥပမာ– ဒုက္ခသည်အရေအတွက်များပြားလာခြင်း အခြေအနေများကို တင်ပြခဲ့သည်။

ထို့ပြင် နိုင်ငံရေးအကျဉ်းသားများ၏ သေဆုံးသွားရခြင်းအကြောင်းများနှင့် လက်ရှိနိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေများကိုပါ တင်ပြဆွေးနွေးခဲ့သည်။

မလေးရှားမှ အမတ်ဖြစ်သည့်အပြင် ASEAN Inter Parliament Member Caucas (AIPMC) အဖွဲ့ဝင်လည်းဖြစ်သည့် Wan Azzizah Wan Ismail ကလည်း "ကျမတို့အားလုံး မြန်မာပြည်အရေးကို ပထမဦးစားပေးပြီး ထည့်ကိုစဉ်းစားရမှာဖြစ်တယ်၊ ဘာဖြစ်လို့လည်းဆိုရင် ကျမတို့တတွေ တခြားနိုင်ငံတကာအရေးတွေပေါ်လာရင် မြန်မာပြည်အရေးကို မေ့မေ့ထားကြလို့ပါဘဲ"။ ထို့ပြင် သူမက ဆက်လက်၍ အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံနိုင်ငံများထဲတွင် အကြီးမားဆုံး တွန်းအားပေးလုပ်ဆောင်ပေးနိုင်သော အခြေအနေရှိနေခြင်းဖြစ်သောကြောင့် ဖိအားပေးမှုများ သေချာစွာလုပ်ဆောင်ရန် အကြံပြုပြောဆိုခဲ့သည်။

ထိုအခါ မလေးရှားအမတ်ဖြစ်သည့်အပြင် ASEAN Inter Parliament Member Caucas (AIPMC) အဖွဲ့ဝင်လည်းဖြစ်သည့် AS Hikam မှလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာပြည်အရေးအား ခေါင်းစဉ်တခုအနေဖြင့် ဆွေးနွေးဆုံးဖြတ်သွားရန်အတွက် လာမည့် အစည်းအဝေးတွင် အာဆီယံအမတ်များမှ တိုက်တွန်းသွားမည်



ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ကိုယ်စားလှယ်အသီးသီးမှ တင်ပြခြင်း၊ တိုက်တွန်းခြင်းများပြုလုပ်ပြီးနောက် တက်ရောက်လာသူများနှင့် အပြန်အလှန် ဆက်လက်ဆွေးနွေးမှုများပြုလုပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းခဲ့သည်။

ထိုနောက် ဆက်လက်၍ နေ့လည်ပိုင်းတွင် အင်ဒိုနီးရှားပါလီမန်သို့ သွားရောက်၍ မြန်မာပြည်၏ လက်ရှိဖြစ်ပျက်နေသော နိုင်ငံရေး၊ ကျန်းမာရေးနှင့် နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေများကို ဒေါက်တာစန်းအောင်မှ တင်ပြဆွေးနွေးပေးခဲ့သည်။ ထို့ပြင် (NCUB) ကိုယ်စားလှယ်များဖြစ်ကြသည့် လွေးချယ်ရီမှ ပလောင် တိုင်းရင်းသားလူမျိုးများ၏ အခြေအနေနှင့် အမျိုးသမီးများ၏ အခြေအနေများကို တင်ပြဆွေးနွေးခဲ့သည့်အပြင်၊ စောလှဟင်နရီမှလည်း စစ်အာဏာရှင်၏ လုပ်ရပ်ကြောင့် သက် ရောက်မှုဖြစ်သော (IDP) အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။ အချို့အမတ်များမှ – အာဆီယံ အစည်းအဝေးတွင် မြန်မာပြည်အရေးကို ဆွေးနွေးသွားနိုင်ရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ■

■■■■■

# တအောင်း စာပေယဉ်ကျေးမှုနေ့ ကျင်းပ

၂၀၀၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ်တနေရာရှိ ပလောင်လူငယ်လုပ်ငန်းကွန်ယက်အဖွဲ့ရုံး၌ တအောင်း စာပေယဉ်ကျေးမှုနေ့ကို ကျင်းပပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားတွင် ပလောင်လူငယ်အဖွဲ့မှ တအောင်းစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ သမိုင်းမှတ်တမ်းများ၊ စာပေအက္ခရာများ၊ သမိုင်းကြောင်းဆိုင်ရာ ပလောင်လူမျိုးတို့၏ စီးဆင်းလာပုံ၊ တည်ရှိပုံတို့ကို ပလောင်လူငယ်အဖွဲ့မှ မိုင်ဘုန်းကျော်မှ ရှင်းလင်းတင်ပြခဲ့သလို၊ ပလောင်အမျိုးသမီး၊ အမျိုးသားလူငယ်များမှ ရိုးရာအကများဖြစ်လည်း တင်ဆက်ပြသခဲ့သည်။ ထိုအခမ်းအနားသို့ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်း သားလူငယ်အဖွဲ့အစည်းများ၊ မဟာမိတ်ခေါင်းဆောင်များအပါအဝင် အင်အား (၁၅၀)ကျော် တက်ရောက်ခဲ့ကြသည်။

ထိုအခမ်းအနားတွင် မဟာမိတ်အဖွဲ့အစည်းဖြစ်သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဘက်အထွေထွေအတွင်းရေးမှူး ကိုငွေလင်းမှ ဂုဏ်ပြုအမှာစကားအဖြစ် —



"ဒီမှာရှိတဲ့ ပလောင်အမျိုးသား၊ အမျိုးသမီးငယ်လေးတွေဟာ သာမန်လူတွေမဟုတ်ပါဘူး၊ ပလောင်ပြည်နယ် လွတ်မြောက်ရေး အတွက်၊ ပလောင်အမျိုးသား လွတ်မြောက်ရေးအတွက်၊ ပလောင်စာပေနဲ့ ပလောင်ယဉ်ကျေးမှုတွေ လွတ်မြောက်ရေးအတွက် တကယ့်တိုက်ပွဲဝင်နေတဲ့ လူငယ်အမျိုးသား၊ အမျိုးသမီးတွေ ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်ဟာ ဒီကနေ့အချိန်အထိ အလွန်အန္တရာယ်ကြီးတယ်၊ ကြီးပြီးတော့ ကျွန်တော်တို့ရဲ့ ပလောင်လွတ်မြောက်ရေးတပ်ဦးကို တကယ်ကို ဂုဏ်သိက္ခာညှိုးနွမ်းသွားအောင် လက်နက်ဖြုတ်တာမျိုးတွေ လုပ်နေတယ်၊ ကျွန်တော်တို့ အမျိုးသာသနာ၊ ကျွန်တော်တို့ ယဉ်ကျေးမှုတွေကို ပျက်စီးချို့ယွင်းသွားအောင် ကျွန်တော်တို့ကို နည်းအမျိုးမျိုးနဲ့ လုပ်နေတယ်။ အဲဒီလိုကာလမျိုးမှာ ကျွန်တော်တို့ ထိန်းသိမ်းဖို့လိုတယ်။ ကျွန်တော်တို့ အရင်ထိန်းသိမ်းတာထက်ကို ပိုပြီးတော့ ၁၀ ဆ အဆ ၁၀၀ ဒီကျွန်တော်တို့ စာပေတွေကို၊ ကျွန်တော်တို့ သီချင်းတွေကို၊ ကျွန်တော်တို့ ကခုန်တတ်တဲ့အစဉ်အလာတွေ၊ ဒါတွေက ကျွန်တော်တို့ရဲ့ ပလောင်ပြည်နယ်အသစ်တခု ပြန်လည်မွေးဖွားပြီးတဲ့အချိန်မှာ အဲဒါတွေကို စောစောကပြောတဲ့ မွန်ကျောင်းတွေမှာ မွန်စာသင်ကြားခွင့်ရှိသလို၊ ကျွန်တော်တို့ ပလောင်ကျောင်းတွေမှာ ပလောင်စာသင်ကြားခွင့် မရှိသေးဘူးဆိုတဲ့ အလွန်ဝမ်းနည်းဖွယ်ရာ အခြေအနေကနေပြီးတော့မှ ကျွန်တော်တို့ ပလောင်စာပေတွေကို သင်ကြားကြရလိမ့်မယ်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းမှာ သင်ကြားကြရလိမ့်မယ်၊ ပလောင်အမျိုးသားတက္ကသိုလ်တွေကို ဖွင့်ကြရလိမ့်မယ်၊ အဲဒီပလောင်အမျိုးသားတက္ကသိုလ်တွေမှာ ပလောင်အမျိုးသားတွေ နိုင်ငံတကာတန်းရှိရှိ တကယ့် subject တွေကို တကယ့်အဆင့်မြင့်မြင့်နည်းပညာတွေကို ကျွန်တော်တို့ ပလောင်အမျိုးသားတက္ကသိုလ်တွေမှာ၊ အဲဒီလို သင်ကြားနိုင်အောင် ကျွန်တော်တို့အလုပ်တွေ အတိုးချပြီးတော့ လုပ်ကြရလိမ့်မယ်၊ အဲဒါကို မမိုတ်မသုန် လုပ်နိုင်ကြဖို့ရာအတွက် ကျွန်တော် DPNS ပါတီအနေနဲ့



ဆိုရင် ကျွန်တော်တို့ တတ်နိုင်သမျှ ပံ့သဏ္ဍာန်မျိုးနဲ့ ကျွန်တော် ဂတိပေးပါတယ်၊ ကျွန်တော်တို့က ပလောင်ပြည်သူများနဲ့အတူ၊ ပလောင်ညီအကိုမောင်နှမများနဲ့အတူ ပလောင်ရိုးရာယဉ်ကျေးမှုနဲ့ ပလောင်အစဉ်အလာတွေကို ဆထက်ထမ်းပိုးတိုးပြီး ထွန်းကားပွင့်လန်းလာအောင်လုပ်တဲ့ တိုက်ပွဲစဉ်ကြီးအတွင်းမှာ ကျွန်တော်တို့ လက်တွဲဆောင်ရွက်သွားပါမယ်လို့" ထိုအခမ်းအနားတွင် ပြောကြားသွားခဲ့သည်။ ■

■■■■■

# အမျိုးသမီးများ လေးလကြာပြုလုပ်ခဲ့သည့် အလုပ်သင် သင်တန်းပြီးဆုံး

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) က (၁၊ ၅၊ ၂၀၀၆)မှ (၃၁၊ ၈၊ ၂၀၀၆)အထိ လေးလကြာပြုလုပ်ခဲ့သည့် နယ်စပ်အခြေစိုက် အလုပ်သင် သင်တန်းတခုကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။



အဆိုပါသင်တန်းသို့ နယ်စပ်ရှိ မြန်မာ့အမျိုးသမီးသမဂ္ဂ အခြေစိုက်ဒေသများမှ အမျိုးသမီးများနှင့် ရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း (၆)ဦး တက်ရောက်သင်ကြားခဲ့ကြသည်။

သင်တန်းတွင် အင်္ဂလိပ်စာ၊ အခြေခံရုံးလုပ်ငန်းဆိုင်ရာ၊ လူ့အခွင့်အရေးဘာသာရပ်၊ လိင်နှင့် လိင်ကွဲပြားမှုဆိုင်ရာ အမြင်သဘောထားများအပြင် ဒီမိုကရေစီစနစ်အုပ်ချုပ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ၊ ဖက်ဒရယ်ရေးရာနှင့် အမျိုးသမီးအခွင့်ရေးဆိုင်ရာများကို သင်ကြားပို့ချခဲ့သည်။

စက်ရုံအလုပ်သမတဦးဖြစ်သူ မဆန်နီက "စက်ရုံအတွင်းမှာ လေ့လာခွင့်မရှိခဲ့ဘူး။ ယခုဆိုရင် ကွန်ပြူတာစာစီစာရိုက်၊ Sex and gender၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အင်္ဂလိပ်စာနဲ့ ရုံးလုပ်ငန်းဆိုင်ရာတွေကို သိခဲ့ရတယ်။ နောက်တခုက မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိလို့ အုပ်ချုပ်မှုမတည်ငြိမ်ဖြစ်ခဲ့တာကို သိရတယ်။ တချိန်က စက်ရုံမှာ တဦးနဲ့တဦးရိုင်းပင်းကူညီစိတ်၊ အဖွဲ့အစည်းစိတ်မရှိခဲ့သော်လည်း ကျမအနေနဲ့ ခုတော့ဒါတွေကို တည်ဆောက်နိုင်ခဲ့ပါတယ်"ဟု ဆိုသည်။

"အလုပ်သင်သင်တန်းပြီးဆုံးသွားတဲ့အချိန်မှာတော့ လူအများနှင့်ပေါင်းသင်းဆက်ဆံရေးကို သိလာတယ်။ ဥပဒေအကြောင်းတွေကိုလည်း သိလာတယ်။ မသိခဲ့တဲ့အချိန်တုန်းကဆိုရင် နအဖစစ်အစိုးရလုပ်တာကို အားလုံးမှန်တယ်လို့ထင်ခဲ့တာ။ ခုအချိန်မှာတော့ အမှားအမှန်ကို ခွဲခြားနိုင်ခဲ့ ပါတယ်။ ကျမအနေနဲ့ ရရှိတဲ့ဗဟုသုတကိုလည်း ပြန့်ပွားအောင်လုပ်ဆောင်ချင်တယ်။ ခုလို အလုပ်သင်သင်တန်းတွေရှိတဲ့အတွက်လည်း အမျိုးသမီးများရဲ့ စွမ်းရည်ကို မြှင့်ပေးရာရောက်ပါတယ်"ဟု မကေသွယ်ဝင်းက ပြောကြားသွားသည်။ ■

✡✡✡✡✡

ယခင်အပတ်သတင်းလွှာများကို အောက်ပါအင်တာနက်စာမျက်နှာများတွင် ရယူဖတ်ရှုနိုင်ပါသည်
www.abfsu.net
www.absdf.net
www.dpns.org
www.yoma3.org

Forum for Democracy in Burma
PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com
Website: http://www.democraticforumburma.org.

# ထိုင်းစစ်တပ် အာဏာသိမ်းမှုနဲ့ပတ်သက်ပြီး သမိုင်းလေ့လာသူ ဦးအောင်ခင်ရဲ့ သုံးသပ်တင်ပြချက်

# (၂၂ - ၉ - ၀၆)နေ့ (အာအက်ဖ်အေနှင့် တွေ့ဆုံဆွေးနွေးခန်း)

**အာအက်ဖ်အေ။** ။ ဗမာစစ်ဗိုလ်တွေနဲ့ ထိုင်းစစ်ဗိုလ်တွေဟာ နိုင်ငံရေးဝင်ရောက်စွတ်ဖက်တဲ့နေရာမှာ တူပါတယ်၊ မတူတာကတော့ ထိုင်းစစ်ဗိုလ်ဟာ ဒီမိုကရေစီစနစ်ကို ယုံကြည်တာဖြစ်ပြီးတော့၊ ဗမာစစ်ဗိုလ်ကတော့ ရာသက်ပန် ကိုယ်ကျိုးရှာဖို့ အာဏာသိမ်းတာဖြစ်ကြောင်း။ ထိုင်းစစ်ဗိုလ်တွေကတော့ ဒီမိုကရေစီစနစ်ကို ကျားကန်ဖို့ အာဏာသိမ်းတာဖြစ်တဲ့အကြောင်း သမိုင်းလေ့လာသူ ဦးအောင်ခင်က သုံးသပ်ထားပါတယ်။

**ဦးအောင်ခင်။** ။ ထိုင်းစစ်ဗိုလ်တွေ နိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်လာတာ ၇၄ နှစ်ရှိပြီဖြစ်ပေမယ့် ထိုင်းစီးပွားရေးဟာ ရှင်သန်ကြီးထွားနေပါတယ်။ မနှစ်က ထိုင်းအစိုးရမှာ နိုင်ငံခြားသုံးငွေလက်ကျန် ဒေါ်လာသန်းပေါင်း ၅ သောင်းကျော်ရှိပြီး ၄၄ နှစ်အာဏာသိမ်းထားတဲ့ ဗမာစစ်အစိုးရမှာတော့ ဒေါ်လာသန်း ၈၀၀ သာရှိပါတယ်။ ဒီလိုဖြစ်ရတဲ့အကြောင်းအရင်းကတော့ မြန်မာ့စီးပွားရေးပျက်စီးသွားလို့ပါပဲ နှစ်နိုင်ငံစီးပွားရေးမှာ ကွာခြားချက်ကြီးမားလွန်းတာမို့ ဗမာစစ်ဗိုလ်နဲ့ ထိုင်းစစ်ဗိုလ်ပါဝင်တဲ့အခန်းကဏ္ဍကိုသုံးသပ်ဖို့လိုပါတယ်။ ခေတ်သစ်ထိုင်းစစ်တပ်ကို ၁၉ ရာစုနှောင်းပိုင်းမှာ အနောက်တိုင်းပုံစံနဲ့ ဖွဲ့စည်းပါတယ်။ (ချူလာလောင်ကောင်)မင်းက သူ့ကို ဆက်ခံတဲ့အိမ်ရှေ့မင်းသားကို ၁၈၈၇ ခုနှစ်မှာ စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်လိုက်တဲ့ ဥပဒေပြဋ္ဌာန်းချိန်မှာ ခေတ်သစ်ထိုင်းစစ်တပ်ကို တည်ထောင်တယ်လို့ ပြောနိုင်ပါတယ်။ အိမ်နီးချင်းနိုင်ငံအားလုံး ကိုလိုနီဘဝရောက်ကုန်တာကိုကြည့်ပြီး ကိုလိုနီစစ်တပ်ပုံစံအတိုင်း ထိုင်းစစ်တပ်ကို တည်ထောင်တာပါ။ ဒါပေမယ့် ကိုလိုနီစစ်တပ်တွေနဲ့ စစ်ပြိုင်ဖို့ မရည်ရွယ်ပါဘူး။ (ချူလာလောင်ကောင်)မင်းကို ကာကွယ်တဲ့ ကိုယ်ရံတော်တပ်ဖွဲ့ အဖြစ်သာရည်ရွယ်ပါတယ်။ ဘုရင့်ကိုရန်ပြုမယ့် ပြည်တွင်းအင်အားကို နှိမ်နှင်းဖို့ဖွဲ့စည်းထားတဲ့ စစ်တပ်ဖြစ်တဲ့အတွက် အစောပိုင်းမှာ မင်းဆွေမင်းမျိုးသာ ကြီးစိုးပါတယ်။ သာမန်စစ်သည်တွေ တက်လမ်းရှိတဲ့အတွက် မင်းဆွေမင်းမျိုးကြီးစိုးတဲ့ ထိုင်းစစ်တပ်ကိုပြုပြင်ဖို့ ၁၉၁၂ ခုနှစ်မှာ အရာရှိငယ်တစုက စစ်အာဏာသိမ်းဖို့ ပထမဦးဆုံးကြံစည်ပါတယ်၊ မအောင်မမြင်ဖြစ်ခဲ့ရပေမယ့် ထိုင်းစစ်ဗိုလ်တွေရဲ့ ပြုပြင်ရေးစိတ်ဓါတ်ကို အထင်အရှားပြသလိုက်တဲ့ အကျိုးသက်ရောက်မှုရှိပါတယ်။ ခေတ်နဲ့မဆီလျော်တဲ့ အကြွင်းမဲ့အာဏာရှင် ဘုရင်စနစ်ကိုပယ်ဖျက်ပြီး အခြေခံဥပဒေနဲ့အညီ အုပ်ချုပ်တဲ့ဘုရင်စနစ်ကို ၁၉၃၂ ခုနှစ်မှာ တည်ထောင်သူဟာ ထိုင်းစစ်ဗိုလ်နဲ့ အရပ်သားဝန်ထမ်းဖြစ်ပါတယ်။ အဲဒီကတည်းက အရပ်သားဝန်ထမ်းနဲ့ လက်တွဲလုပ်ခဲ့တာဟာ ထိုင်းစစ်ဗိုလ်ရဲ့ထင်ရှားတဲ့ အသွင်လက္ခဏာပါ။ ဗမာစစ်ဗိုလ်ကတော့ အာဏာရပြီးတာနဲ့ အရပ်သားဝန်ထမ်းကို အစေခံဖြစ်အောင်လုပ် ပြီး — နိုင်ငံတော်ဝန်ထမ်းစနစ်ကို ဖျက်ဆီးပစ်လိုက်ပါတယ်၊ ထိုင်းစစ်ဗိုလ်ရဲ့ထူးခြားတဲ့ ဒုတိယအသွင်လက္ခဏာဟာ နိုင်ငံရေးအမြင်ဖြစ်ပါတယ်၊ တိုင်းပြည်မှာ အကျပ်အတည်းနဲ့ ရင်ဆိုင်နေရတာကို အရပ်သားအဖွဲ့အစည်းတွေက ဖြေရှင်းနိုင်စွမ်းမရှိရင် ထိုင်းစစ်တပ်က ဝင်ရောက်စွက်ဖက်ပြီး ပြဿနာဖြေရှင်းရမယ်လို့ ထိုင်းစစ်ဗိုလ်တွေက ယုံကြည်ပါတယ်။ ဒါကြောင့် ရေရှည်အာဏာသိမ်းဖို့ ထိုင်းစစ်ဗိုလ်က မရည်ရွယ်တာပါ၊ ဗမာစစ်ဗိုလ်ကတော့ နိုင်ငံရေးပြဿနာကို ဖြေရှင်းဖို့ စိတ်မကူးပဲ ရာသက်ပန်အာဏာသိမ်းပြီး ကိုယ်ကျိုးရှာအာဏာပြဖို့သာ အာရုံစိုက်ပါတယ်။ ထိုင်းစစ်ဗိုလ်ရဲ့ထူးခြားတဲ့ တတိယအသွင်လက္ခဏာကတော့ သူ့ကိုယ်သူ ဒီမိုကရေစီအင်အားစုလို့ ယူဆတာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီမိုကရေစီပြုပြင်ရေးလုပ်ပြီးတာနဲ့ တပ်စခန်းကို ပြန်ကြတာပါ၊ ဗမာစစ်ဗိုလ်တွေ ၁၉၆၂ ခုနှစ်မှာ အာဏာသိမ်းရတဲ့ ရည်ရွယ်ချက်က ဒီမိုကရေစီစနစ်ကို ဖျက်စီးပြီး တပါတီအာဏာရှင်စနစ်တည်ထောင်ဖို့ ဖြစ်ပါတယ်။ မဆလပါတီကို ဖျက်သိမ်းပြီး ၁၉၈၈ မှာ စစ်အာဏာသိမ်းတဲ့ ရည်ရွယ်ချက်ဟာ ဒီမိုကရေစီစနစ် မရှင်သန်နိုင်အောင် ဟန့်တားဖို့ဖြစ်ပါတယ်။ ဒီမိုကရေစီဆန့်ကျင်တဲ့ အစဉ်အလာကြီးမားတဲ့ ဗမာစစ်ဗိုလ်ဟာ ဒီမိုကရေစီသဘောတရားကို နားမလည်နိုင်ပါဘူး၊ မကြာခဏအာဏာသိမ်းတဲ့ အစဉ်အလာကြောင့် ထိုင်းစစ်ဗိုလ်တွေဟာ ကိုယ်ကျိုးစီးပွားကိုသာ အာရုံစိုက်ကြပါတယ်။ နယ်စပ်ကုန်သွယ်ရေး၊ မှောင်ခိုလုပ်ငန်းစတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ငွေပိုရှာကြပါတယ်၊ နယ်စပ်ကုန်သွယ်ရေးကြောင့် ချမ်းသာသွားတဲ့ ထိုင်းစစ်ဗိုလ်တွေအများကြီးပါ။ နိုင်ငံခြားစစ်ပစ္စည်းဝယ်တဲ့အခါမှာလည်း ကော်မရှင်ရကြပါတယ်၊ ဒါပေမယ့် ထိုင်းစစ်ဗိုလ်တွေရဲ့ ကိုယ်ကျိုးရှာလုပ်ငန်းဟာ တိုင်းပြည်ကို မထိခိုက်တဲ့အတွက် ထိုင်းစီးပွားရေးဟာ ရှင်သန်တိုးတက်နေတာပါ။ ဗမာစစ်ဗိုလ်တွေကတော့ ဆိုရှယ်လစ်စနစ်မှာရော၊ ဈေးကွက်စနစ်မှာရော နေရာတကာဝင်ရောက်ချုပ်ချယ်ပြီး ကိုယ်ကျိုးရှာနေတဲ့အတွက် တိုင်းပြည် စီးပွားရေး ချွတ်ခြုံကျနေရတာပါ။ ထိုင်းစစ်တပ်ရဲ့တာဝန်ဟာ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ဖြစ်ကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီးဌာနရဲ့ ၁၉၉၄ ခုနှစ် ထုတ်စာတမ်းမှာ ဖော်ပြထားပါတယ်၊ ဒါပေမယ့် တချို့ကလည်း စစ်တပ်ကသာ အမျိုးသားရေးပြဿနာကို ဖြေရှင်းနိုင်တယ်လို့ ယူဆကြပါတယ်။ ထိုင်းဘုရင်ကတော့ ဖွံ့ဖြိုးရေးနဲ့ ကာယ်ဆယ်ရေးလုပ်ငန်းမှာ စစ်တပ်ပါဝင်တာကို သဘောကျပါတယ်၊ ပြည်သူလူထု သက်သာချောင်ချိရေး၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာရေးအတွက် ကယ်ဆယ်ရေးနဲ့ ဖွံ့ဖြိုးရေးစီမံကိန်းတွေမှာ စစ်တပ်ပါဝင်ရမယ်လို့ ထိုင်းဘုရင်က ၁၉၉၅မှာ ပြောဘူးပါတယ်။ လောလောဆယ်မှာတော့ စစ်တပ်ကို ခြိမ်းခြောက်နိုင်တဲ့ အရပ်သားအဖွဲ့အစည်း ထိုင်းနိုင်ငံမှာ မရှိသေးတဲ့အတွက် အခုလို စစ်တပ်က အာဏာသိမ်းပြီး ပြဿနာရှင်းတာ ဖြစ်ပုံရပါတယ်။ ဗမာစစ်တပ်ကတော့ ၁၈ နှစ်ကျော် အာဏာသိမ်းထားတာတောင် နိုင်ငံရေးပြဿနာကို မဖြေရှင်းနိုင်ပဲ ဖြစ်နေရပါတယ်ခင်ဗျ။

**အာအက်ဖ်အေ။** ။ မြန်မာစစ်ဗိုလ်တွေက ရာသက်ပန် ကိုယ်ကျိုးရှာဖို့ အာဏာသိမ်းတာဖြစ်ပြီးတော့ ထိုင်းစစ်ဗိုလ်တွေကတော့ ဒီမိုကရေစီစနစ်ကို ကျားကန်ဖို့ အာဏာသိမ်းတာဖြစ်တယ်ဆိုတဲ့အကြောင်း၊ ထိုင်းနိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့သဘောထားဟာ ၁၉၈၈ ခုနှစ်ကစပြီး သက်ဆင်အစိုးရအထိ ကိုယ်ကျိုးရှာစီးပွားရေးလမ်းစဉ်သာဖြစ်ပြီး လူတစုသာ အကျိုးခံစားရပါတယ်၊ နအဖခေတ် ထိုင်းမြန်မာ ဆက်ဆံရေးအကြောင်း သမိုင်းလေ့လာသူ ဦးအောင်ခင်က သုံးသပ်တင်ပြထားပါတယ်။

# ဗမာစစ်ဗိုလ်တွေနဲ့ ထိုင်းစစ်ဗိုလ်တွေဟာ နိုင်ငံရေးဝင်ရောက်စွက်ဖက်တဲ့နေရာမှာ တူပါတယ်၊ မတူတာကတော့ ထိုင်းစစ်ဗိုလ်ဟာ ဒီမိုကရေစီစနစ်ကို ယုံကြည်တာဖြစ်ပြီးတော့၊ ဗမာစစ်ဗိုလ်ကတော့ ရာသက်ပန် ကိုယ်ကျိုးရှာဖို့ အာဏာသိမ်းတာဖြစ်ကြောင်း။

**ဦးအောင်ခင်။** ။ ဗမာစစ်အစိုးရဟာ ၁၉၈၈ ခုနှစ်က အာဏာသိမ်းပြီး အခုထက်ထိကြီးစိုးနေပေမယ့် ထိုင်းနိုင်ငံမှာတော့ ဒီ ၁၈ နှစ်ကာလအတွင်းမှာ ဝန်ကြီးချုပ် ၈ ဦး ခေါင်းဆောင်ခဲ့ပြီး စစ်အာဏာသိမ်းမှု နှစ်ကြိမ်ဖြစ်ပွားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း နှစ်ကြိမ် ပြင်ဆင်ရေးဆွဲပါတယ်။ ဒီအတောအတွင်း ထိုင်း–မြန်မာဆက်ဆံရေးမှာလည်း အမျိုးမျိုး အတက်အကျရှိပါတယ်၊ ဗမာစစ်အစိုးရကို ပထမဆုံး ထောက်ခံသူတွေထဲမှာ ထိုင်းအစိုးရပါဝင်ပါတယ်။ ထိုင်းနဲ့ယှဉ်လိုက်ရင် မြန်မာက အနှစ်သုံးဆယ်ကျော် ခေတ်နောက်ကျနေပါတယ်၊ ဗမာစစ်အုပ်စုနဲ့ ပတ်သက်ပြီး ထိုင်းနိုင်ငံမှာ အနည်းဆုံးသဘောထား သုံးမျိုးလောက်ရှိပါတယ်၊ ပထမသဘောထားက ဗမာဆန့်ကျင်ရေးလုပ်ရမယ်ဆိုတဲ့ အယူအဆဖြစ်ပါတယ်၊ အယုဒ္ဓယ ဖျက်ဆီးခံရတာကို ထိုင်းနိုင်ငံသားတွေ မမေ့တဲ့အတွက် ဗမာကိုတမင်နှိမ်ရေးထားတဲ့ စာအုပ်စာပေဆိုရင် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ထိုင်းနိုင်ငံမှာ လူကြိုက်များပါတယ်၊ ထိုင်းအစိုးရကလည်း ဗမာကိုနှိမ်တဲ့ အယူအဆကို အားပေးလေ့ရှိပါတယ်၊ လွတ်လပ်ရေးရစက ဦးနုအစိုးရက ကြားနေရေးလမ်းစဉ်ကျင့်သုံးပြီး ဆက်ဆံရေးကောင်းအောင် ကြိုးစားချိန်မှာ ဗမာကိုနှိမ်တဲ့ စာပေအရေးအသားနဲ့ ရုပ်ရှင်ဇာတ်လမ်း ထိုင်းနိုင်ငံမှာ ခေတ်စားပါတယ်၊ ဒါပေမယ့် ဝန်ကြီးချုပ်ဦးနုက အယုဒ္ဓရမြို့ဟောင်းကို ကိုယ်တိုင်သွားရောက်ကြည့်ရှုပြီး ထိုင်းဘုရင်ကလည်း မြန်မာပြည်ကိုသွားလည်တဲ့အတွက် ချစ်ကြည်ရေးလုပ်နိုင်ခဲ့ပါတယ်။ ဗိုလ်နေဝင်းအာဏာရတော့ မဆလနဲ့ ထိုင်းအစိုးရအကြား အပြန်အလှန်မသင်္ကာတာတွေ များလာပါတယ်၊ ဗမာလွတ်လပ်ရေး ဆုံးရှုံးရတာဟာ ဗမာမင်းတွေ နိုင်ငံရေးနားမလည်လို့ပဲလို့ ထိုင်းခေါင်းဆောင်အစဉ်အဆက်က ယုံကြည်ထားပုံရပါတယ်၊ ဗမာခေါင်းဆောင်ပိုင်းရဲ့ ညံ့ဖျင်းမှုနဲ့ အသိဉာဏ်ပညာ ခေါင်းပါးမှုကို ထိုင်းသမိုင်းဆရာတွေက ထောက်ပြလေ့ရှိပါတယ်။ ထိုင်းဟာ ဒီမိုကရေစီနိုင်ငံဖြစ်လို့ စစ်အာဏာရှင်ကြီးစိုးတဲ့ မြန်မာပြည်ထက် အစစအရာရာသာတယ်ဆိုတဲ့ သဘောထားထိုင်းနိုင်ငံမှာ ဒီကနေ့ ခေတ်စားပါတယ်၊ ဗမာစစ်အစိုးရကို မကြိုက်ပေမယ့် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီမိုကရေစီလှုပ်ရှားမှုကိုတော့ ရိုသေလေးစားကြပြီး မြန်မာလူထုခံစားနေရတဲ့ အတိဒုက္ခကို စာနာထောက်ထားတာဟာ ဒုတိယသဘောထားဖြစ်ပါတယ်၊ ဒီလိုသဘောထားရှိသူတွေဟာ မြန်မာဒုက္ခသည်နဲ့ အတိုက်အခံလှုပ်ရှားမှုကို ကူညီလေ့ရှိတဲ့ လူ့အခွင့်အရေးမြှင့်တင်ရေးသမားတွေ ဖြစ်နေတာတွေ့ရပါတယ်။ တတိယသဘောထားကတော့ ဗမာစစ်အစိုးရဘာလုပ်လုပ် စီးပွားရေး အမြတ်ရရင်ပြီးရောဆိုတဲ့ သဘောထားပါပဲ၊ နဝတစစ်အစိုးရနဲ့ တချိန်တည်းဖြစ်တဲ့ ဗိုလ်ချုပ်(ချက်ကင်ချိုင်း) ဗမာစစ်ဗိုလ်ကို အကြိုက်ပေးပြီး ရိုက်စားလုပ်တဲ့ လမ်းစဉ်ကို ပထမဆုံးတီထွင်တာပါ။ နောက်တော့ အပြုသဘောနဲ့ ဆက်ဆံရေးလမ်းစဉ်ဆိုတဲ့ အမည်သစ်ကိုသုံးပြီး အာဆီယံအဖွဲ့က လက်ခံလာအောင် ဘေးတီးပေးပါတယ်၊ အပြုသဘော ဆက်ဆံရေးလမ်းစဉ်ကို အကာအကွယ်ယူပြီး အပယ်ခံဗမာစစ်အစိုးရနဲ့ စီးပွားရေးလုပ်ကြတာပါ၊ အခု အဖြုတ်ခံလိုက်ရတဲ့ ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်ကလည်း ဒီပုတ်ထဲက ဒီပဲပါပဲ၊ ၂၀၀၁ ခုနှစ်က ရွေးကောက်တက်မြောက်ခံရပြီး မကြာမီမှာ ဗိုလ်ချုပ်တွေကို သွားတွေ့ပြီး ကိုယ်ကျိုးစီးပွားမြှင့်တင်တယ်လို့ အဝေဖန်ခံခဲ့ရပါသေးတယ်၊ ကိုယ်ကျိုးစီးပွားကို အမျိုးသားရေးလိုလို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်တာပါပဲ။ အမျိုးသားအကျိုး စီးပွားမှုဝါဒနဲ့ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်ကို လေးစားတဲ့ထိုင်းအစိုးရဟာ ဗမာစစ်အစိုးရနဲ့ ဆက်ဆံရေး အဆင်မပြေဖြစ်တတ်ပြီး၊ ကိုယ်ကျိုးစီးပွား အဓိကထားတဲ့ ထိုင်းအစိုးရကသာ ဗမာစစ်အစိုးရနဲ့ မသူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်မိတာများပါတယ်၊ ထိုင်း နအဖဆက်ဆံရေးဟာ နအဖစစ်အစိုးရကို သက်ဆိုးရှည်စေပေမယ့် ထိုင်းမြန်မာနယ်စပ်မှာ ဗမာစစ်တပ် အကျအဆုံးများလာပြီဆိုရင် အကြောင်းမရှိ အကြောင်းရှာပြီး ထိုင်းအစိုးရကို မဲပါတော့တယ်၊ ပြဿနာအကျပ်အတည်းနဲ့ ရင်ဆိုင်လာရပြီဆိုရင် ပြည်သူလူထု အာရုံပြောင်းသွားအောင် နိုင်ငံခြားအန္တရာယ်ကို နအဖက ပုံကြီးချဲ့တတ်ပါတယ်၊ ဒီနေရာမှာ ထိုင်းအစိုးရကို တရားခံလုပ်ဖို့ ဝန်မလေးတာ တွေ့ရပါတယ်၊ တချိန်ကဆိုရင် နအဖသတင်းစာထဲမှာ ထိုင်းဆန့်ကျင်ရေး ဆောင်းပါးတွေကို ဆက်တိုက်ဖေါ်ပြပါတယ်၊ သမိုင်းချင်းယှဉ်လိုက်ရင် ဗမာက ထိုင်းထက်သာကြောင်း ကြွားဝါပြီး ဘုရင့်နောင်ကို ထုတ်ပြကြပါတယ်၊ အလယ်တန်းကျောင်းသားကိုတောင် ထိုင်းဆန့်ကျင်ရေးစိတ်ဓါတ် သွင်းပေးပါသေးတယ်၊ ထိုင်းအစိုးရကတော့ ဘယ်လောက်ပဲ ဆဲဆဲ လိုချင်တာရရင် ပြီးတာပါပဲ၊ ထိုင်းအစိုးရအဆက်ဆက်ရဲ့ မြန်မာပြည်ဆိုင်ရာလမ်းစဉ်ဟာ စီးပွားရေးအကျိုးအမြတ်အတွက် နိုင်ငံရေးကစားတာသာ ဖြစ်တယ်လို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှာ အနှစ်လေးဆယ်နီးပါး အမှုထမ်းခဲ့သူ ဝါရင့်သံတမန် (ဆူရာပေါင်ရာရာနာနာ)က မနှစ်က စာတမ်းရေးခဲ့ပါတယ်၊ ဒီသမိုင်းကြောင်းကို သင်ခန်းစာယူပြီး အဂတိလိုက် စားမှုနည်းပါးတဲ့ ထိုင်းအစိုးရသစ်ကို ဖွဲ့စည်းနိုင်မယ်ဆိုရင်တော့ ထိုင်း မြန်မာဆက်ဆံရေးဟာ လူတစုအတွက်မဟုတ်တော့ပဲ ပြည်သူအတွက်သာဖြစ်ဖို့ အလားအလာရှိကြောင်းပါခင်ဗျာ။

**အာအက်ဖ်အေ။** ။ သမိုင်းလေ့လာသူ ဦးအောင်ခင်ရဲ့ သုံးသပ်ချက်ဆောင်းပါးပါခင်ဗျာ။

# ဒီအတိုင်းဆိုလျှင် နောက်ထပ်ပညာအပေးခံရလိမ့်ဦးမည်

တူဖမောင်ညို

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်

ဘယ်အစိုးရလက်ထက်မှာမှ မကြုံဖူးသည့် နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးအကျပ်အတည်း (နအဖ)စစ်အစိုးရ လက်တွေ့ကြုံတွေ့နေရသည်။

အချက် ၁၆ ချက်ပါသည့် မာရသွန်ဖြေရှင်းချက်ကြီး သတင်းစာကနေ ထုတ်ပြန်ဖြေရှင်းနေရသည်။ ယင်းသို့သော အဖြစ်မျိုး အဆက်ဆက်သောအုပ်စိုးသူများ မတွေ့မကြုံဖူးခဲ့ချေ။

ယခု ကျွန်တော်တို့ တိုင်းပြည်အရေးကိစ္စသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အာဂျင်ဒါ ထဲတွင် တရားဝင် ထည့်သွင်းဆွေးနွေးရန် ဖြစ်လာသည်။

ယင်းဖြစ်ရပ်မတိုင်ခင်ကလည်း ဒေသတွင်းနိုင်ငံများ၏ သံတမန်ရေး ပညာပေးတာ၊ အချိုးခံရတာတွေကို (နဝတ– နအဖ) စစ်အစိုးရ ကြုံခဲ့ရသည်။ (နအဖ)စစ်အစိုးရသည် အာဆီယံအလှည့်ကျ သဘာပတိနေရာကိုပင် မယူဝံ့ပဲ လွှဲပြောင်းပေးခဲ့ရသည်။ မကြာသေးခင်ကပင် အာဆီယံထဲက သူလိုကိုယ်လို နိုင်ငံတစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက **'ခေါင်းတုံးပေါ် ထိပ်ကွက်ခြင်း'** ကိုပင် ခံလိုက်ရသည်။

ယခုလည်း ဂျပန်က လုံခြုံရေးကောင်စီအာဂျင်ဒါထဲ ထည့်သွင်းရေးကိစ္စတွင် ပညာထပ်မံပေးလိုက်ပြန်သည်။

ယနေ့ကဲ့သို့ လှုပ်ရှားပြောင်းလဲနေသော နိုင်ငံတကာ နိုင်ငံရေးအရည်တည်ကာလတွင် နိုင်ငံတကာနှင့် ဒေသတွင်း စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ သဘာဝသယံဇာတ ရင်းမြစ်များရရှိရေး စသောကိစ္စများတွင် ပညာအပေးခံရဦးမည့် ကိစ္စတွေ တန်းစီပြီး ရှိနေသည်။ (နအဖ)စစ်အစိုးရနှင့် သူ၏ ဝန်ကြီးအချို့လောက်သာ ပညာပေးခံရ၍ ကိစ္စမရှိပါ။ တတိုင်းတပြည်လုံးနှင့် တမျိုးသားလုံး ပညာအပေးခံရမည့်အရေးကိုသာ စိုးရိမ်ပူပန်မိပါသည်။

ယနေ့ကမ္ဘာ၌ မည်သည့်နိုင်ငံမဆို သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားသာ ရှိမည်။ ယင်းအတွက် မည်သူ့ကိုယ်မျှ မည်သည့်နိုင်ငံကိုမျှ ထောက်ထားငဲ့ညှာနေကြလိမ့်မည် မဟုတ်ပါ။ **'ထာဝရမိတ်ဆွေ၊ ထာဝရရန်သူမရှိ၊ ထာဝရအကျိုးစီးပွားသာ ရှိသည်'** ဟူသော မူအတိုင်းပင်ဖြစ်မည်။

အာရှတိုက်သား အချင်းချင်းဖြစ်သည့် ဂျပန်က **'မထောက်ထားမငဲ့ကွက်လုပ်ရက်သည်'** ဟု (နအဖ) စစ်အစိုးရက ငိုပွဲဖွဲ့နေသည်၊ **'မျက်နှာကြီးရာ ဟင်းဖတ်ပါသည်'** စကားနာထိုးနေသည်။ မည်သည့်နိုင်ငံမဆို မိမိတို့သက်ဆိုင်ရာ အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းရေးကိုသာ လက်ရှိဖြစ်ပေါ်နေသည့် ပြည်တွင်းပြည်ပ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အခြေအနေများအပေါ်တွင် တွက်ချက်ကာ ဆောင်ရွက်မည်သာဖြစ်သည်။

၎င်းသည်မှာ သဘာဝကျသော ကိစ္စရပ်သာဖြစ်သည်။ ယင်းကို ကျွန်တော်တို့က လက်ညှိုးထိုးကန့်ကွက်နေလျှင်၊ ရန်ထောင်ရန်လုပ်နေကြလျှင် ကျွန်တော်တို့၏ နိုင်ငံတကာနိုင်ငံရေး ဗဟုသုတကို လူများသိတာသာ အဖတ်တင်လိမ့်မည်။ ကိုယ့်ဝမ်းနာကိုယ် သာသိဆိုသည့်အတိုင်း၊ ကိုယ့်ပြဿနာကိုယ် ဖြေရှင်းကြရန်သာဖြစ်သည်။ ကိုယ့်ပြဿနာ သူများဝင်ဖြေရှင်းပေးတာ စောင့်နေလျှင် နာကျင်ကြေကွဲဖွယ်ရာ ကောင်းသော သမိုင်းသင်ခန်းစာသစ်သာ ရလိမ့်မည်။

ယနေ့ကာလ ကျွန်တော်တို့တိုင်းပြည်၏ အမျိုးသားအကျိုးစီးပွားဟူသည် အဘယ်နည်း။

အခြားမဟုတ်။ အမျိုးသားသွေးစည်းညွတ်ရေးကို အမြန်ဆုံး(ဖြစ်နိုင်သမျှအမြန်ဆုံး) တည်ဆောက်ကြရန်သာဖြစ်သည်။ ညီညွတ်ငြိမ်းချမ်းသွေးစည်းထားနိုင်မှ အရာရာကို ရင်ဆိုင်နိုင်မည်။ ခေတ်မီဖွံ့ဖြိုးရေးကို မျှော်မှန်းနိုင်မည်။ ကျွန်တော်တို့တိုင်းပြည်တွင် ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ကင်းမဲ့နေခဲ့တာ ရာစုနှစ်ဝက်ကျော်ခဲ့ပြီဖြစ်သည်။ ယင်းကို အမြန်ပြန်လည်တည်ဆောက်ရေးသည်သာ ကျွန်တော်တို့တိုင်းပြည်၏ ပထမဦးစားပေး အမျိုးသားအကျိုးစီးပွား ဖြစ်ပါသည်။

ယင်းကိုဆောင်ရွက်ဖို့ဆိုလျှင် တိုင်းပြည်တွင်ရှိသော အင်အားစုအသီးသီးပါဝင်ရမည်။ ဒီမိုကရေစီနှင့် တန်းတူမှု အပြည့်အဝရှိရမည်။ ထိုအချက်များတည်ရှိပြည့်စုံသော ရာသီဥတုအောက်တွင် အကျေအလည် ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်သည်။ တိုင်းပြည်နှင့် လူမျိုးစုံပြည်သူများအတွက် ပစ္စုပ္ပန်နှင့် အနာဂတ်အကျိုးစီးပွားကို တကယ်တမ်းဖေါ်ဆောင်ပေးနိုင်မည့် လမ်းစဉ်သစ်ကို အင်အားစုအားလုံး အတူတကွချမှတ်ကြရန်၊ အတူတကွ ဝိုင်းဝန်းအကောင်အထည် ဖေါ်ကြရန်သာ ဖြစ်သည်။





အဆိုပါကိစ္စကို မဆောင်ရွက်ခြင်း၊ ဆောင်ရွက်အကောင်အထည်ဖော်ရေး နှောင့်နှေးကြန့်ကြာအောင် လုပ်ဆောင်နေခြင်းများသည်၊ အမျိုးသားအရေးကို သစ္စာဖောက်နေခြင်းသာ ဖြစ်သည်။ ထိုပုဂ္ဂိုလ်၊ ထိုပါတီအဖွဲ့အစည်းများသည်လည်း အမျိုးသားသစ္စာဖောက်များသာ ဖြစ်မည်။ မည်သူသည်၊ မည်သည့်ပါတီအဖွဲ့အစည်းသည် အမျိုးသားသစ္စာဖောက်ဟုတ်/မဟုတ်ကို သိရှိလိုလျှင် ထိုအချက်ကို ကြည့်ကြရမည်။

(နအဖ)စစ်အစိုးရ**က ‘(NLD)နှင့်ထပ်ဆွေးနွေးရန် အကြောင်းမရှိ၊ အမျိုးသားညီလာခံကိုသာ ဆက်လက်ကျင်းပသွားမည်’**ဟု တွင်တွင်ပြောနေသည်။ ယင်းမှာ မိုက်မဲခြင်းသာလျှင်ဖြစ်သည်။ (နအဖ)စစ်အစိုးရ၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ၇ ရပ်ဆိုသည်ဖြင့် အမျိုးသားအကျိုးစီးပွားကို မတည်ဆောက်နိုင်/မကာကွယ်နိုင်ပါ။ မတည်ဆောက်၊ မကာကွယ်နိုင်ခဲ့သဖြင့်လည်း ဤကဲ့သို့သော နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးအရ ပညာပေးမှုများ ခံနေရခြင်းဖြစ်သည်။ ယင်းကို သဘောမပေါက်လျှင် မလေးနက်လျှင် ‘မျက်နှာကြီးရာ ဟင်းဖတ်ပါသည်’ ဟု ပြောပြီး နောက်ထပ်တခါ ထပ်မံငိုပွဲဖွဲ့နေရလိမ့်မည်။

(နအဖ)စစ်အစိုးရ၏ ‘အချက် ၁၆ ချက်ပါ သဘောထားထုတ်ပြန်ချက်’ တွင် (NLD)၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ရင်း၊ ၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်အရ လွှတ်တော်ခေါ်ပေးရေး၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး၊ (NLD)နှင့် တွေ့ဆုံဆွေးနွေးရေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေး စသည့်ကိစ္စများနှင့်ပတ်သက်၍ တစ်ဖက်သတ် ဖေါ်ပြထားချက်များ၊ ပုတ်ခတ်စော်ကားထားမှုများ ပါဝင်နေပါသည်။

ထို့အပြင် **‘ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အကြီးအကဲအနေဖြင့် (၄)ကြိမ်၊ ဝန်ကြီးအဆင့်တာဝန်ရှိသူများအဖွဲ့က အကြိမ် (၂၀) တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်’**ဟု ဖေါ်ပြပါရှိပါသည်။

ထိုသို့ တစ်ဖက်သတ်ဖော်ထုတ်ထားချက်များနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် တိုင်းပြည်နှင့် ပြည်သူလူထုက အဖြစ်မှန်အတိုင်းသိရှိပြီး၊ အဆိုးနှင့် အကောင်း၊ အကျိုးနှင့် အကြောင်း ခွဲခြားသုံးသပ်နိုင်ကြစေရန်အလို့ငှာ ပြည့်ပြည့်စုံစုံ အကျယ်တဝင့် ရှင်းလင်းတင်ပြရန်လည်း အထူးလိုအပ်လှပါသည်။ တိုင်းပြည်နှင့် ပြည်သူလူထုထံ တင်ပြဖြေရှင်းရန် တာဝန်လည်းရှိပါသည်။ ဖြေရှင်းတင်ပြသင့်သည့် အချိန်သို့လည်း ရောက်နေပါပြီ။

သို့မှသာ တိုင်းပြည်နှင့် ပြည်သူလူထုက မည်သူက အမှား၊ မည်သူက အမှန်၊ မည်သူက အပြု၊ မည်သူက အဖျက်၊ မည်သူက အတု၊ မည်သူက အစစ်ဆိုသည်ကို ခွဲခြားနိုင်ပါလိမ့်မည်။ မည်သူက အမျိုးသားအကျိုးစီးပွား ထိန်းသိမ်းကာကွယ်လိုသူ၊ မည်သူက အမျိုးသား သစ္စာဖောက်ဖြစ်သည်ကို အထင်အရှား သိမြင်နိုင်ပါလိမ့်မည်။

ထိုမှတဆင့် တိုင်းပြည်နှင့် ပြည်သူလူထုက အကျိုးအရှိဆုံးလမ်းစဉ်ကို ခွဲခြားသိမြင်လျက် မည်သို့ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဟူသောတာဝန်ကို သိရှိလာလိမ့်မည်ဟု မမှိတ်မသုန် ယုံကြည်ပါသည်။ ■

**တူမောင်ညို**

မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု
Forum for Democracy in Burma

# ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်များအား ထိန်းသိမ်းထားခြင်းအပေါ် ကန့်ကွက်ရှုတ်ချခြင်း

၁။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်တို့အား (နအဖ)စစ်အစိုးရရဲထောက်လှမ်းရေးအဖွဲ့မှ ထိန်းသိမ်းခေါ်ဆောင်ထားသည်ကို အမြန်ဆုံးပြန်လွှတ်ပေးရန် (FDB)က တောင်းဆိုသည်။

၂။ ဆွေးနွေးစရာ ကိစ္စရှိသည်ဆိုလျှင် တန်းတူရည်တူ တွေ့ဆုံဆွေးနွေးခြင်းမျိုးဖြစ်သင့်သည်။ ယခုကဲ့သို့ သွေးရိုးသားရိုးမဟုတ်ပဲ ထိန်းသိမ်းခေါ်ဆောင်ထားခြင်းကို (FDB) က အပြင်းအထန် ကန့်ကွက်ရှုတ်ချလိုက်သည်။

၃။ နှစ်ရှည်ထောင်ဒဏ်များကျခံခဲ့ပြီး ပြန်လည်လွတ်မြောက်လာချိန်မှစ၍ ယနေ့တိုင် တိုင်းပြည်ပြဿနာရပ်များအပေါ် နိုင်ငံရေးအရ မှန်ကန်စွာရှုမြင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အစဉ်တစိုက် အပြုသဘောဆောင် တောင်းဆိုခဲ့သည့် ခေါင်းဆောင်များအား ဖမ်းဆီးချုပ်နှောင်ခြင်းသည် အမျိုးသားသွေးစည်းညီညွတ်ရေးကို မလိုလားသော နအဖ၏အခြေအနေမှန်ကို ဖော်ပြခြင်းပင်ဖြစ်သည်။

၄။ နိုင်ငံရေးအရ လုပ်ကိုင်ဆောင်ရွက်သူများအပေါ် အစဉ်တစိုက်ဖိနှိပ်တုံ့ပြန်တတ်သည့် ယနေ့စစ်အစိုးရ၏ လုပ်ရပ်သည် နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက်လည်းကောင်း၊ ငြိမ်းချမ်းရေးအတွက်လည်းကောင်း မည်သို့မျှ အကျိုးဖြစ်ထွန်းစေမည် မဟုတ်ကြောင်း တိလင်းစွာ ဖော်ပြအပ်သည်။

မူဝါဒရေးရာဦးဆောင်အဖွဲ့
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)
၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်။

ဆက်သွယ်ရန် – ဒေါက်တာနိုင်အောင် ၀၁ ၈၈၃၇ ၂၃၀
ဦးကျော်ထက် ၀၆ ၂၀၃၀ ၅၀၂

■■■■■

# တလတွင်း သတင်းမှတ်စု

## မြန်မာ

- မစုစုနွေးကို John Humphrey ဆုချီးမြှင့်ရန် ဆုံးဖြတ်လိုက်သည့်အတွက် အလွန်အမင်းပဲ နှစ်ထောင်အားရဖြစ်ရပါကြောင်း အာရှလူ့အခွင့်အရေးကော်မရှင် AHRC က ပြောဆိုလိုက်သည်။ (VOA 010906)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏လုပ်ငန်းများကို ယခုထက်ပိုပြီး ညီညီညွတ်ညွတ်ဖြင့် အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် မကွေးတိုင်း မြို့နယ်ပေါင်းစုံ အဖွဲ့ချုပ်စည်းအဖွဲ့ဝင်များနှင့် လူငယ်အဖွဲ့ဝင်များ စုံညီအစည်းအဝေးအပြီး ပြောဆိုလိုက်သည်။ (DVB 030906)
- HIV/AIDS ရောဂါကူးစက်ခံထားရသည့် ကလေးငယ်များအတွက် ရန်ပုံငွေရှာသည့် အဖြူရောင်သက်တံကဗျာရွတ်ပွဲကို ပြီးခဲ့သည့်လ (၃၀)ရက်နေ့တွင် မန္တလေးမြို့၌ကျင်းပရာ မန္တလေးအာဏာပိုင်များက ကဗျာရွတ်ဆိုခွင့်မပေးကြောင်း သိရသည်။ (Irrawaddy 040906)
- တရားရုံး၌ စွပ်စွဲခံနေရသူများအား ရုံးတော်မှ ပြစ်မှုထင်ရှားကြောင်း စီရင်ချက်မချသေးပါဘဲနှင့် အမှုဖြစ်ပွါးပုံ ပြန်လည်သရုပ်ဖော် ပြချက်များကို ဓါတ်ပုံနှင့်တကွ ဂျာနယ်အချို့က ရေးသားဖော်ပြနေကြသဖြင့် အမှုဖြစ်ပွါးသူများ နစ်နာနေကြရကြောင်း သိရသည်။
- ဒီမိုကရေစီရရှိရေးနှင့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် နအဖအပေါ်ဆက်လက်ဖိအားပေးရန် အရှေ့တောင်အာရှမှ ပြည်သူ့အဖွဲ့များ နိုင်ငံရေး လှုပ်ရှားသူများ၊ ဥပဒေပြုအမတ်များမှ ယမန်နေ့ဆန္ဒတူညီမှုရယူခဲ့၏။ ( Jakarta Post /VOB 040906)
- မြန်မာအလုပ်သမား နောက်ထပ်တသောင်းကို ထိုင်းများမလုပ်သော နေရာများတွင် ခန့်အပ်မည်ဟု ထိုင်းအလုပ်သမားဝန်ကြီးမှ ဆိုသည်။ ( Nation / VOB 060906)
- မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ABSDF ကို စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ ကျဆုံးခဲ့သူ (၃၀၀) ကျော်၊ ထိခိုက်ဒဏ်ရာရ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ရသူ (၄၀၀)ခန့်နှင့် သေဆုံးသူ ၂၄၀၊ စုစုပေါင်း ၉၇၀ ရှိသွားပြီးဟု ABSDF ၏ ယမန်နေ့ ကြေညာချက်တွင် ဖေါ်ပြထားသည်။ (VOA 060906)
- မြန်မာနိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေသည့် ဒေဝူးကုမ္ပဏီသည် နအဖစစ်အစိုးရကို စစ်လက်နက်ပစ္စည်းများ ရောင်းချနေသည်ဟု တောင်ကိုးရီးယားနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာနက အခိုင်အမာထုတ်ဖော်ပြောကြားလိုက်ကြောင်း ယမန်နေ့ ကိုးရီးယားရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများက ကြေညာခဲ့ကြောင်း သိရသည်။ (DVB 080906)
- နအဖက ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသည် ဒီမိုကရေစီနည်းလမ်းတကျနှင့် ကိုယ်စားလှယ်များကို ခေါ်ယူကျင်းပသည့် ညီလာခံမဟုတ်သော ကြောင့် ပြည်သူလူထုအတွက် ရလဒ်ကောင်းများပေါ်ထွက်မည်ဟု မယုံကြည်ကြောင်း CRPP အဖွဲ့ဝင် ဦးကျင့်ရှင်းထန်က ပြောဆိုလိုက်သည်။ (Irrawaddy 110906)
- အလုပ်သမားလက်မှတ်ကိုင်ဆောင်ခွင့်ရရှိရေး၊ ဒါဇင်ကြေး၊ ဦးကြေး၊ ရေ၊ ထမင်း၊ အိမ်သာသန့်ရှင်းရေးတို့အတွက် ထိုင်းနိုင်ငံ မဲဆောက်မြို့ SR ခေါ် Fupo သိုးမွေးစက်ရုံ မြန်မာအလုပ်သမား (၇၀၀)ကျော်က ယနေ့ ဆန္ဒပြတောင်းဆိုခဲ့ကြောင်း သိရသည်။ (DVB 110906)
- ယနေ့ပြုလုပ်သည့် ဝါရင့်နိုင်ငံရေးသမား သခင်ချန်ထွန်း၏ အသက် (၈၅)နှစ်ပြည့် မွေးနေ့ပွဲအခမ်းအနားတွင် "ဒီမိုကရေစီစနစ်ထွန်းကားတဲ့ နိုင်ငံတော်ကြီး အမြန်ဆုံး ပေါ်ပေါက်ပါစေ၊ အားလုံးဒီမိုကရေစီရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်ကြပါစေ၊ တပ်မတော်အစိုးရလဲ NLD တို့၊ လူမျိုးစုအဖွဲ့များ အစရှိသည် တို့နှင့် ဒီမိုကရေစီရေးတို့အတွက် ဆွေးနွေးနိုင်ကြပါစေ"ဟု မွေးနေ့ရှင်က ဆုတောင်းမေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။ (DVB 110906)
- ယခင်စစ်တက္ကသိုလ်စာပေ (၂)ဟုအမည်ပေးထားသည့် တပ်ပျက်နေရာတွင် ချူးကလီးယားစက်ရုံတည်ဆောက်ရေးအတွက် သိပ္ပံနှင့် နည်းပညာတပ်(သသန) ဟု အမည်ပေးထားသည့် တပ်အသစ်ဖွဲ့စည်းလိုက်ကြောင်း စစ်ဘက်အသိုင်းအဝိုင်း ပြောပြချက်အရ သိရသည်။ (HitTaing 110906)
- ကျောင်းခေါ်ချိန် (၇၅)ရာခိုင်နှုန်းမပြည့်သည့် ကျောင်းသား (၃၀၀)ကျော်ကို စာမေးဖြေဆိုခွင့်ပိတ်ပင်ခဲ့သဖြင့် စာမေးပွဲဖြေဆိုခွင့်မရသည့် ကျောင်းသားများ ဆုပူဆန္ဒပြမည်စိုးရိမ်သောကြောင့် ယခုလ(၄)ရက်နေ့မှ ယမန်နေ့အထိကျင်းပသည့် ရန်ကုန်ကွန်ပြူတာတက္ကသိုလ်စာမေးပွဲကို အစောင့်အကြပ်ထူထပ်စွာ ချထားခဲ့ကြောင်း သိရသည်။ (NEJ 130906)
- ပြီးခဲ့သည့် လကုန်ပိုင်း၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင်၊ ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများကို ထိုးနှက်တိုက်ခိုက်သော (၈၈)မျိုးဆက် ကျောင်းသားများအမည်ခံ ကိုအေးလွင်နှင့် လူတစ်စု၏ထုတ်ပြန်ချက်ကို နောက်ကွယ်မှ အဓိကကြိုးကိုင်သူများမှာ အမျိုးသားရေးဦးဝင်းနိုင်နှင့် ဒေါ်ချိုချိုကျော် ငြိမ်းတို့ဖြစ်ကြောင်း နိုင်ငံရေးအသိုင်းအဝိုင်းတွင် သတင်းများထွက်ပေါ်နေသည်။ (BINA 140906)
- ရှမ်းပြည်နယ်တောင်ပိုင်း သံလွင်မြစ်အတွင်း တာဆန်းရေကာတာတည်ဆောက်ရန် ဆောင်ရွက်နေသော ထိုင်းအစိုးရနှင့် ထိုင်းရင်းနှီး မြှုပ်နှံသူများကို ချက်ချင်း ရပ်ဆိုင်းပေးရန် ရှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့၏ ယမန်နေ့ထုတ်ပြန်သည့် Warming Signs အစီရင်ခံစာဖြင့် တောင်းဆိုလိုက်သည်။ (NEJ/ Irrawaddy 150906)
- ဖမ်းဆီးအကျဉ်းချခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးခွန်ထွန်းဦးနှင့် ဦးကျော်မင်းတို့ (၄)ဦးကို ချက်ချင်းပြန်လွှတ်ပေးပြီး အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေး အမြန်ဆုံးပြုလုပ်ရန် နအဖထံ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP ၏ ယနေ့ (၈)နှစ်မြောက်နှစ်ပတ် လည်နေ့အခမ်းအနားမှ တောင်းဆိုလိုက်သည်။ (DVB 150906)
- နအဖသည် ဗိုလ်မှူးကြီး(၂၂)ယောက်ကို ဗိုလ်မှူးချုပ်ရာထူးများတိုးပေးခဲ့ပြီး ဗိုလ်မှူးချုပ်ထွန်းထွန်းဦးကို တရားသူကြီးရုံးချုပ်နှင့် ဗိုလ်မှူးကြီးကျော်ထူး၊ ဗိုလ်မှူးကြီးဝင်းမြင့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမြင့်တို့ကို ညွှန်ချုပ်များအဖြစ် အရပ်ဘက်ဝန်ကြီးဌာနများသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ (DVB 150906)
- ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA လွိုင်ကော်ဝှမ်းကို တိုက်ခိုက်ရန် နအဖခြေမြန်တပ်ရင်း (၂၂၆)၊ (၂၂၄)နှင့် ခြေလျင်တပ်ရင်း (၃၁၁)၊ (၃၁၆)၊ (၃၂၉) အပါအဝင် တပ်ရင်း (၁၄)ရင်းကျော်ဖြင့် ပြင်ဆင်နေကြောင်း သိရသည်။ (DVB 190906)

- မြန်မာတစ်နိုင်ငံလုံးရှိ ခယကဥက္ကဌနှင့် အတွင်းရေးမှူးတာဝန်များတွင် အရပ်သားများနှင့်အစားထိုးခန့်အပ်ရန်နှင့် (၃)နှစ်အထက် တာဝန်ထမ်းဆောင်နေသည့် ခယကဥက္ကဌများကို အငြိမ်းစားပေးသွားရန် တနင်္ဂနွေနေ့တွင် နေပြည်တော်မှ ထုတ်ပြန်လိုက်သည့် ကြေညာချက်ကို ကိုးကားပြီး သတင်းရပ်ကွက်တစ်ခုမှ ပြောသည်။ (Mizzima 190906)
- ထိုင်းနိုင်ငံတွင် ယမန်နေ့ညသ္ဌ စစ်တပ်က အာဏာသိမ်းလိုက်ပြီးသည့်နောက် အုပ်ချုပ်မှုပြန်ဖွဲ့စည်းရေးကောင်စီ ARCက အဖွဲ့ဝင်များ ခန့်အပ်ခြင်းကို ယနေ့ ကြေညာသည်။ (NEJ 200906)
- Roll Call (၇၅)ရာခိုင်နှုန်းမပြည့်၍ စာမေးပွဲဖြေဆိုခွင့်မပေးသည့်အပေါ် မကျေနပ်သဖြင့် မန္တလေးတိုင်း မြင်းခြံဒီဂရီကောလိပ်မှ (၄၀) ဦးခန့်ပါဝင်သည့် ကျောင်းသားဆန္ဒပြပွဲတစ်ခု ပြီးခဲ့သည့်သောကြာနေ့တွင် ဖြစ်ပွါးခဲ့ကြောင်း သိရသည်။ (DVB 200906)
- ရန်ကုန်မြို့ရှိ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း TTC ကျောင်းအိမ်သာထဲတွင် ယမန်နေ့ညနေ (၅)နာရီခန့် ကျောင်းဆင်းနေဆဲအချိန်၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့ကြောင်း သိရသည်။ (NEJ 210906)
- နအဖစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒု–ဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် ၎င်းတို့၏ စစ်ရာထူးများဖြစ်သည့် ကာကွယ်ရေးဦးစီးချုပ်ရာထူးကို ဗိုလ်ချုပ်ကြီးသူရရွှေမန်းကိုလည်းကောင်း၊ ဒု–ကာကွယ်ရေးဦးစီးချုပ်ရာထူးကို နတခတိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ကိုလည်းကောင်း ပြောင်းလဲလွှဲအပ်ပြီး နအဖဥက္ကဌနှင့် ဒု–ဥက္ကဌတာဝန်တို့အား ဆက်လက်ယူထားကြောင်း ယမန်နေ့က ရန်ကုန်မှလာသည့် AFPသတင်းတွင် ဖေါ်ပြထားသည်။ (NEJ 220906)
- ကျောင်းခေါ်ချိန်မပြည့်၍ စာမေးပွဲဖြေဆိုခွင့်မရခဲ့သဖြင့် ယခုလ (၂၂)ရက်နေ့တွင် မြင်းခြံဒီဂရီကောလိပ်၌ ဒုတိယအကြိမ်ဆန္ဒပြခဲ့ကြသည့် ကျောင်းသား (၃၀)ခန့်ကို အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း သိရသည်။ (DVB 240906)

## နိုင်ငံတကာ – မြန်မာ

- အမေရိကန်ပြည်ထောင်စုတွင် ထုတ်ဝေသည့် Forbes မဂ္ဂဇင်းမှ ယမန်နေ့ကထုတ်ပြန်သည့် ကမ္ဘာပေါ်ရှိ သြဇာအရှိဆုံးအမျိုးသမီး (၁၀၀) စာရင်းတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် (၄၇)ဦးမြောက်၌ ပါဝင်ခဲ့ကြောင်း သိရသည်။ (VOA 010906)
- ဖင်လန်နိုင်ငံမြို့တော် ဟယ်လ်ဆင်ကီမြို့၌ မကြာမီကျင်းပမည့် အီးယူ–အာဆီယံအစည်းအဝေး၌ နအဖအစိုးရကိုယ်စားလှယ်ကို တက်ရောက်ခွင့်ပေးသည့်အပေါ် ကန့်ကွက်ဆန္ဒပြမှုများ ဖင်လန်နိုင်ငံ၌ ယခုလ (၉)ရက်နှင့် (၁၀)ရက်နေ့များတွင် မြန်မာပြည်ဒီမိုကရေစီရေး လှုပ်ရှားမှုကော်မတီက ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ (NEJ 040906)
- အာဆီယံသည် မြန်မာနိုင်ငံအား လုံခြုံရေးကောင်စီတွင် ယခင်ကလို အကာအကွယ်ပေးမည်မဟုတ်ဟု သတိပေးထားကြောင်း သိရသည်။ (Nation / VOB 040906)
- အာရှ–ဥရောပထိပ်သီးဆွေးနွေးပွဲတွင် နအဖစစ်အုပ်စုကိုယ်စားလှယ်အား တက်ရောက်ခွင့်ပေးခြင်းသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးပြောင်းလဲမှုများအတွက် ဖိအားပေးရန်ဖြစ်ကြောင်း အီးယူဥရောပကော်မရှင်မှ ယနေ့ကာကွယ်ပြောဆိုခဲ့သည်။
- အမေရိကန်ပြည်ထောင်စုရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ မြန်မာပြည်ဒီမိုကရေစီရရှိရေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် (၁၈)ရက်ကြာ အစာငတ်ခံဆန္ဒပြပွဲကို ယမန်နေ့က စတင်လိုက်ကြောင်း သိရသည်။ (DVB 040906)
- မြန်မာနိုင်ငံတွင် စစ်မှန်သည့်အမျိုးသားညီညွတ်ရေးနှင့် ဒီမိုကရေစီပေါ်ထွန်းရေးအတွက် လာမည့်အောက်တိုဘာလ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ကိုယ်စား ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် Mr.Gambariသည် နောက်တစ်ကြိမ်သွားရောက်ရန်ရှိကြောင်း ယမန်နေ့က ကျင်းပသည့် ကုလသမဂ္ဂ၏ အပတ်စဉ်ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂတွဲဖက်ပြောခွင့်ရပုဂ္ဂိုလ် Fahran Haq က ပြောဆိုခဲ့သည်။ (VOA 060906)
- အာဆီယံနှင့်အတူ တရုတ်၊ ဂျပန်၊ အိန္ဒိယ စသည့် အာရှခေါင်းဆောင်များသည် မြန်မာ့ဒီမိုကရေစီပြောင်းလဲရေးအတွက် နအဖအစိုးရကို ဖိအားပေးသင့်ကြောင်း မြန်မာလွှတ်တော်အမတ်များနှင့် အာဆီယံအတိုက်အခံအမတ်များက ယနေ့ တောင်းဆိုလိုက်သည်။ (DVB 060906)
- တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွါးရေးနှင့် ကုန်သွယ်မှု ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ တတိယအကြိမ် တရုတ်–အာဆီယံပြပွဲ CAEXPOနှင့် တတိယအကြိမ် တရုတ်–အာဆီယံစီးပွါးရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး CABISတို့ကို တရုတ်နိုင်ငံ နန်းနင်းမြို့၌ လာမည့်အောက်တိုဘာ (၃၁)ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ (The Mirror 070906)
- မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အာဆီယံ၏တောင်းဆိုနေမှုကိုမလိုက်နာပဲ တင်းခံနေမည်ဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့အတွင်းမှ ထုတ်ပယ်ခံရရန် လမ်းစပွင့်နေဦးမည်ဖြစ်ကြောင်း အာဆီယံအမြဲတမ်းအတွင်းရေးမှူး Ong Keng Yong က ပြောဆိုလိုက်သည်။ (VOB 080906)
- ပြီးခဲ့သည့်နှစ်အတွင်း ကမ္ဘာပေါ်တွင် ဖိနှိပ်အုပ်ချုပ်မှုအများဆုံးနိုင်ငံ ရှစ်နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံကိုထည့်သွင်းထားသည့် အစီရင်ခံစာတစ်စောင်ကို ကမ္ဘာတဝှမ်းရုံးခွဲများဖွင့်လှစ်ထားပြီး လူ့အခွင့်အရေးချိုးဖောက်သည့် နိုင်ငံများကိုစာရင်းပြုစုနေသည့် Freedom House အဖွဲ့ကြီးက ထုတ်ပြန်လိုက်သည်။ (VOA / WTN/VOB 080906)
- မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေးနှင့်လူ့အခွင့်အရေးအခြေအနေများ ပိုဆိုးလာသည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တရားဝင်ဆွေးနွေးဖြေရှင်းရန် ယမန်နေ့က အဖွဲ့ဝင်နိုင်ငံများမဲခွဲဆုံးဖြတ်ရာ ကန့်ကွက်မဲ (၄)မဲ၊ ထောက်ခံမဲ (၁၀)မဲ၊ ကြားနေ (၁)မဲဖြင့် သဘောတူဆုံးဖြတ်လိုက်ကြောင်း သိရသည်။ (DVB 170906)
- အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၊ ဒန်ဗာမြို့တွင် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် (၁၀)ဦးတို့မှဦးစီး၍ နိုင်ငံပေါင်း (၃၁)နိုင်ငံမှ လူငယ်ပေါင်း (၃၀၀၀)ကျော်စုဝေးပြီး စက်တင်ဘာလ (၁၅)ရက်နေ့မှ (၁၇)ရက်နေ့အထိကျင်းပခဲ့ရာ မြန်မာတိုင်းရင်းသူအချို့ တက်ရောက်၍ မြန်မာနိုင်ငံအခြေအနေများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (VOA 190906)

**(NDD) သုတေသနဌာနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း –၂၀၀၆၊ စက်တင်ဘာလမှ ထုတ်နုတ်ဖေါ်ပြသည်။ ■**

■ ■ ■ ■